မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နှစ်နိုင်ငံခေါင်းဆောင်ကြီးများဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး မျိုးဆက်သစ်ခေါင်းဆောင်များ နက်နက်ရှိုင်းရှိုင်း ပိုမိုရှင်သန်ခိုင်မြဲစေမည်ဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

ရှိရင်းစွဲချစ်ကြည်မှုနှင့် အိမ်နီးချင်းကောင်းပီသစွာဆက်ဆံမှုကို နှစ်နိုင်ငံစလုံးက အလေးထား နှစ်နိုင်ငံအကျိုးစီးပွား အပြန်အလှန်စောင့်ရှောက်ရင်း တစ်နိုင်ငံကိုတစ်နိုင်ငံက အမြဲထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ခန်းမကြီး၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့တက်ရောက်ရန် ခေတ္တတည်းခိုသည့် ပေကျင်းမြို့ ဒျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ဝင်ပေါက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

မိတ်ဆက်ပေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **စာမျက်နှာ ၇ ကော်လံ ၁** ❐

ရင်းနှီးခင်မင်စွာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်သူ့ခန်းမဆောင်ကြီး၌တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ရေး စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာနိုင်ငံအဖြစ် ကမ္ဘာတွင်ထင်ရှားသည်။ မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားဖြင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူမျိုးဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီကာ တည်တံ့လာခဲ့သည်။ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည် နေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်လည်မွမ်းမံပြင်ဆင်ရေးနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး"

အတွက် လမ်းညွှန်မှုပေးထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံ–ညောင်ဦး၊ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ ကျောက်တော်၊ မြောက်ဦး၊ သထုံ၊ ဘီးလင်းစသည့် ဒေသများရှိ သာသနိကအဆောက်အအုံများ ပြုပြင်တည်ဆောက်ထိန်းသိမ်းခြင်း၊ မြနန်းစံကျော်၊ ကမ္ဗောဇသာဒီ၊ ရွှေဘုံရတနာ စသည့် ရှေးမြန်မာဘုရင်များ၏နန်းတော်နှင့် ပုဂံ၊ တောင်ငူ၊ မန္တလေး၊ မြောက်ဦးနန်းမြို့ရိုးများ တူးဖော်ခြင်း၊ ယဉ်ကျေးမှုပြတိုက်များ မွမ်းမံတည်ဆောက်ခြင်း၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာများ၊ ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်း လုပ်ငန်းများပါဝင်သည်။

မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့မှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ခင်းကျင်းပြသထားသည်။ အထူးသဖြင့် မြောက်ဦးခေတ် ကျောက်ထီးတော်၊ ကတ္တော်သိမ်မှ ကျောက်ဆစ်ပန်းကနုတ်လက်ရာများ၊ ကျောက်စာများ၊ ကျောက်အင်းချပ်များ၊ ခေတ်အလိုက် ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ရှေးဟောင်းမြောက်ဦးမြို့ ပုံစံငယ်ပြခန်း၊ မြောက်ဦးစဥ့်ဖိုနှင့် စဥ့်ထည်ပစ္စည်းများပြခန်း၊ ရှေးဟောင်းအိုးခွက်အသုံးအဆောင်များ ပြည့်ပြည့်စုံစုံ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

မြောက်ဦးမြို့ရှိ သျှစ်သောင်း(ခေါ်)ရန်အောင်ဇေယျ ပုထိုးတော်ကြီးမှာ ဘုရင်မင်းဗာကြီးက ကောဇာသက္ကရာဇ် ၈၉၇(ခရစ်နှစ် ၁၅၃၅ခုနှစ်)တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ပုထိုးတော်ကြီး၏ အနောက်ဘက်စောင်းတန်းအဝင်ဝတွင် ဝေသာလီဘုရင် အာနန္ဒစန္ဒြမင်း စိုက်ထူခဲ့သော မူရင်းကျောက်စာရှိသည်။ အဆိုပါ ကျောက်စာတွင် ဝေသာလီမင်းများ၏ နန်းတက်နှစ်များကို ဖော်ပြထားသဖြင့် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော ကျောက်စာဖြစ်ကြောင်း နိုင်ငံတကာကျောက်စာ သုတေသီများက လက်ခံထားကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ ပုဂံမြေတွင် လက်ရာမြောက် ပန်းတော့လက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ ကျောက်ဆစ်ပန်းတမော့ အနုပညာလက်ရာများ၊ စဥ့်ပန်းပညာလက်ရာများ၊ အင်္ဂတေပန်းတော့ အနုပညာလက်ရာများကို ယနေ့တိုင် တွေ့ရှိနေရသည်။ ပုဂံခေတ်နံရံဆေးရေးပန်းချီများ ရှေးမူမပျက် တာရှည်ခံနိုင်စေရန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပုဂံမြေတွင် လှည်းဝင်ရိုးသံတည်းညံ ပုဂံဘုရားပေါင်းဟူသည့် အမှတ်အသားအရ စေတီပုထိုးဘုရားပေါင်း ၄၄၄၆ဆူ ရှိခဲ့သည်ဟု သိရသည်။ နှစ်ပေါင်းများစွာ ရာသီဥတုဒဏ်၊ မြေငလျင်ဒဏ်၊ ရေတိုက်စားမှုဒဏ်စသည့် သဘာဝဘေးဒဏ်များအပြင် မသမာသူများ၏ ဖျက်ဆီးမှု၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့် ကင်းဝေးခဲ့ရမှုတို့ကြောင့် မူလပုဂံဘုရားပေါင်း ၄၄၄၆ဆူအနက် အဆူ၂၂၈၀သာ ကျန်ရှိတော့ကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပျက်စီးယိုယွင်းနေသော ရှေးဟောင်း စေတီဘုရားပုထိုးများကို ၁၉၉၅ခုနှစ်မှစတင်၍ ရှေးမူမပျက် ပြန်လည်ပြုပြင် ထိန်းသိမ်းလျက်ရှိသည်။

ယခုအခါ တကောင်းဒေသတွင် ရှေးဟောင်းသုတေသနဌာနမှ ပြန်လည်တူးဖော်ရာ၌ ပျူအရိုးအိုးများ၊ လက်စင်းရာပါ ပျူအုတ်များ၊ ယေမ္မာဟေတုပ္ပဘဝါအစရှိသည့် အက္ခရာများပါဝင်သော ရာပေါင်းများစွာသော အုတ်ခွက်များနှင့် ကြေးထည်၊ သံထည်များ၊ ပျူပုတီးစေ့များ၊ ပျူခေတ်လက်ဝတ်ရတနာများကို တွေ့ရှိရပြီး ရှေးဟောင်းလက်ရာများပါရှိသော လေးမျက်နှာဘုရားကြီးကိုလည်း ရှေးမူမပျက် ပြန်လည် ပြုပြင်လျက်ရှိသည်။ တကောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဟူသော မြို့ဝင်ဆိုင်းဘုတ်ကို နန်းမြို့ရိုးနှစ်ခုအကြား တည်ဆောက်ကာ ခံ့ညားထည်ဝါသော ရှေးဟောင်းပြတိုက် တစ်ခုကိုလည်း ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တာဝန်ရှိသူများနှင့် ပညာရှင်များက စနစ်တကျဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၁၆ ရက်က တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက်၊ မိုးစွေလမ်း၊ အမှတ် ၁၂၂ နေ ဒေါ်ခင်ခင်အေးက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် တစ်သိန်းကို စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် "ပဋိစ္စသမုပ္ပာဒ်အခြေခံ"

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ချစ်ပန်းနေကြာ"** (အပိုင်း–၂) ဇာတ်သိမ်း
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"**(အပိုင်း–၁၄)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ FA Cup ဘောလုံးပွဲအစီအစဉ် Chelsea-Colchester United (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဝါသနာရှင်စင်မြင့် (ထူးအယ်လင်း၊မီးမီးခဲ)
၇:၄၅ Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း၊ ဦးမျိုးမြတ်သူ၊
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ Myanmar Video Rhythm
၉:၄၅ ကြံမှသကြား ပြည့်စီးပွား
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် (သဘော်ပင်)
၁၀:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ ၂၀၀၄ခုနှစ် အမျိုးသား စာပေဆုနှင့် တစ်သက်တာ စာပေဆုရရှိသူများ
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ မြန်မာ–ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၃၀)မြောက် အထိမ်းအမှတ်ခေတ်ပြိုင် ပန်းချီပြပွဲ
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	Tottenham - Wigan	5-Sports (Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁၀:၀၀	ပွဲကြိုသုံးသပ်ချက်	5- Sports (Live)
၁၀:၂၅	Chelsea-Colchester United	5- Sports (Live)
၁၂:၅၅	Aston Villa- Man:City	5- Sports (Live)

Series -A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Roma - Empoli	5- Cartoons (Live)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အားဖူးမျှော်ကြည်ညို

ဖူးမျှော်ကြည်ညို

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးမျှော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီတွင် ပေကျင်းမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိကြရာ တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာအသင်းဝင်များက ကြိုဆိုကြသည်။

ထို့နောက်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာ အသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Si Buddhist Temple ဆရာတော်စိန်ဇေ့နှင့် ဗုဒ္ဓစွယ်တော် မြတ်အား စောင့်ရှောက်လျက်ရှိသည့် ဆရာတော်များအား ဖူးမြော်ကြည်ညို ကြရာ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာတော်စိန်ဇေ့က ဗုဒ္ဓစွယ်တော်မြတ် သမိုင်းကြောင်း၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓစွယ်တော်မြတ် ကြွရောက်အပူဇော်ခံခဲ့မှု၊ ဗုဒ္ဓစွယ်တော် မြတ် ဂန္ဓကုဋိတိုက်၌ မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်း ဗုဒ္ဓ ရုပ်ပွားတော် ကိန်းဝပ်စံပယ်နေမှု များကို ရှင်းလင်းမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီး ချုပ်နှင့် ဇနီးတို့သည် ဗုဒ္ဓစွယ်တော် မြတ်အတွက် အလှူငွေများကို ဆရာ တော် စိန်ဇေ့အား လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗုဒ္ဓစွယ်တော် မြတ် ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်းရှိ မြန်မာတန်ဆောင်းသို့ သွားရောက်ကြ ပြီး နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လှူဒါန်းထားသည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ သည် ဆရာတော်စိန်ဇေ့နှင့် တရုတ် ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူ များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြပြီး မော်တော်ယာဉ်များဖြင့် ခေတ္တ တည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံ တော်ဧည့်ဂေဟာသို့ ပြန်လည်ရောက် ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ဖေဖော်ဝါရီ ၁၄ရက်မှ ယနေ့အထိ ချစ်ကြည်ရေးခရီးလည် ပတ်ပြီးနောက် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ၎င်းတို့၏ဇနီးများက ကြိုဆို ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆရာတော်စိန်ဇေ့နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော်များ အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်စိန်ဇေ့ က ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များ အား ဓမ္မလက်ဆောင်များ ချီးမြှင့် သည်။

ယင်းနောက် ဗုဒ္ဓစွယ်တော်မြတ် ဂန္ဓကုဋိတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်များ အား ဖူးမြော်ကြည်ညိုကြရာ ဆရာ တော်များက ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ သည် ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာ နိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးမြော်ကြည်ညို ကြသည်။

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်း ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ် နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၁)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ၂၆ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း နှင့် တရားစခန်းဖွင့်မည့် ဖေဖော်ဝါရီ ၂၆ရက် ညနေ၃နာရီထက် နောက် မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော် ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

ဓမ္မစာပေ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလာတရားတော်နှင့် အဘိဓမ္မာပြန့်ပွားရေး အကျိုးဆောင် အဖွဲ့၏ တတိယအကြိမ် အဘိဓမ္မာဆုနှင်းသဘင်နှင့် ဝိုင်အမ်ဘီအေမင်္ဂလာဆုနှင်းသဘင် အကြိုအဖြစ် ဆရာကြီး ဒေါက်တာမင်းတင်မွန်၏ ဓမ္မစာပေဟောပြောပွဲကို ဖေဖော်ဝါရီ၂၄ရက် (သောကြာနေ့) ညနေ၆နာရီတွင် ဇေယျာပူရ ပရိယတ္တိစာသင်တိုက် သာသနာ့ဝိသုဒ္ဓိကာရီသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ တက်ရောက်နိုင်ပြီး ဖုန်း-၀၅၆-၂၅၁၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

အိုင်တီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ရုရှားသမ္မတတိုက်တွန်း

မော်စကို ဖေဖော်ဝါရီ ၁၇

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပိုမို လျင်မြန်စွာဖြစ်ထွန်းစေရန်အတွက် သတင်းပြန်ကြားရေးနည်းပညာ အဆင့်မြှင့်တင်တိုးတက်အောင်ဆောင်ရွက်ရန် ရုရှား သမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁၆ရက် ကြာသပတေးနေ့၌ တိုက်တွန်းဆော်ဩလိုက်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က စုစုပေါင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)တွင် သတင်းပြန်ကြားမှုနည်းပညာကဏ္ဍအနေဖြင့် အနည်းငယ်သာ ပါဝင်ခဲ့မှုနှင့်ပတ်သက်၍ သမ္မတပူတင်က ကျေနပ်အားရမှုမရှိခြင်းဖြစ်ရာမှ ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ရုရှားနိုင်ငံဂျီဒီပီ၏ ၅ ဒသမ ၃ ရာခိုင်နှုန်းသာ ပါဝင်နိုင်ခဲ့သည်ဖြစ်ရာ ရုရှားနိုင်ငံ၏ နိုင်ငံတော်ကောင်စီ အစည်းအဝေးတစ်ရပ်၌ ရုရှားနိုင်ငံသတင်းပြန်ကြားရေးနည်းပညာနှင့်ပတ်သက်၍ အားရမှုမရှိကြောင်း ပြောကြားခဲ့သည်ဟုလည်း အီတာတာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရပ်တည်နေ

ရုရှားနိုင်ငံအနေဖြင့် နိုင်ငံ့ဂျီဒီပီ၌ သတင်းပြန်ကြားရေးနည်းပညာကဏ္ဍအနေကို ၁၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိုင်တီနည်းပညာကဏ္ဍတွင် ရုရှားနိုင်ငံသည် အခြားနိုင်ငံများနောက်တွင် ရပ်တည်နေရကြောင်း သမ္မတပူတင်က ပြောကြားသည်။

သတင်းပြန်ကြားရေးနည်းပညာသည် ရုရှားနိုင်ငံ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုတွင် အဓိကတွန်းအားပေးမည့် အရာဖြစ်လာမည်ဖြစ်ပြီး တစ်ချိန်ချိန်တွင် ပြည်သူတို့၏ မြင့်မားသော တောင်းဆိုမှုတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံ၏ ပြီးခဲ့သည့်နှစ်က ဂျီဒီပီတိုးတက်မှုမှာ ၆ ဒသမ ၄ရာခိုင်နှုန်းဖြစ်ရာ လာမည့် ၂၀၁၀ ပြည့်နှစ်၌ ရုရှားနိုင်ငံ၏ ဂျီဒီပီသည် ယင်းထက်နှစ်ဆဖြစ်လာရန် ရုရှား နိုင်ငံက ရည်မှန်းချက်ထားရှိသည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ရေနံတင်ပို့သည့် နိုင်ငံလည်းဖြစ်ရာ ဆော်ဒီအာရေဗျနိုင်ငံပြီးလျှင် ရေနံတင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည်။ ထို့အတူ ဥရောပသမဂ္ဂတွင် သဘာဝဓာတ်ငွေ့ အများဆုံးဖြည့်ဆည်းပေးရာနိုင်ငံလည်းဖြစ်သည်။ သို့ရာတွင် ရုရှားနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့အပေါ်တွင် အလွန်အမင်းမှီခိုအားထားနေမှုအား လျှော့ချရန်လည်း ရုရှားနိုင်ငံတော်ကောင်စီအစည်းအဝေး၌ တိုက်တွန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဗင်နီဇွဲလားနျူကလီးယားနည်းပညာတိုးတက်ရေး အီရန်ကကူညီပေးမည်ဟုပြောကြား

ကာရာကာဒ့်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၁၆

အီရန်နိုင်ငံက ဗင်နီဇွဲလား၏နျူကလီးယားနည်းပညာတိုးတက်ရေးအတွက် ကူညီရန်လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းနှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်ရေးအတွက် မည်သည့်ဆွေးနွေးမှုမျှမလုပ်ရသေးကြောင်း အီရန်ထိပ်တန်းအမတ်တစ်ဦးက ဖေဖော်ဝါရီ ၁၅ရက်၌ ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား လောင်စာအစီအစဉ်ကို နိုင်ငံတကာအသိုင်းအဝိုင်းက ဆန့်ကျင်နေသော်လည်း အမေရိကန်အစိုးရကို ဆန့်ကျင်နေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်က ကျောထောက်ပြု၍ ထောက်ခံကြောင်း ပြောကြားသည်။

ဆန္ဒရှိ

သို့သော်လည်း မိမိတို့သည် ဗင်နီဇွဲလားအာဏာပိုင်များနှင့် မည်သည့်ဆွေးနွေးမှုမျှ မပြုရသေးကြောင်း၊ ဖြစ်နိုင်ချေများလေ့လာသွားရန် ဆန္ဒရှိကြောင်း အီရန်လွှတ်တော်အမတ် ဟက်ဒက်ဒါဒယ်က သတင်းထောက်များအား ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့နံပါတ်(၅) ရေနံတင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ စွမ်းအင်နှင့် ဆေးဘက်ဆိုင်ရာများတွင် သုံးစွဲရန် နျူကလီးယားနည်းပညာများရယူရန် ကြိုးစားနေသည်။ ၁၀နှစ်အတွင်း ဗင်နီဇွဲလားသည် နျူကလီးယား နည်းပညာများ ရရှိလာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အစ္စရေးခရီးသည်တင်လေယာဉ်များဒုံးပျံကာကွယ်ရေးစနစ်တပ်ဆင်ထား

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၆

အီလ်အယ်အစ္စရေး လေကြောင်းလိုင်းသည် ၎င်း၏ခရီးသည်တင် လေယာဉ်များတွင် ဒုံးပျံကာကွယ်ရေးစနစ် တပ်ဆင်ထားပြီဖြစ်ကြောင်း၊ ၂၀၀၂ခုနှစ်က လေယာဉ်တစ်စင်းပစ် ချရန်ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီးနောက် ယင်းကဲ့သို့ ဒုံးပျံကာကွယ်ရေးစနစ် တပ်ဆင်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ကုန်ကျ

ဖလိုက်ဂတ်ဟု အမည်ပေးထားသော အစ္စရေးလုပ် ဒုံးပျံကာကွယ်ရေးစနစ်သည် တစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်သန်းကုန်ကျကြောင်း ခရီးသည်လေယာဉ် ၂၉စင်းကို ဒုံးပျံကာကွယ်ရေးစနစ်တပ်ဆင်ပေးထားကြောင်း သိရသည်။

အီလ်အယ်လေကြောင်းသည် အစ္စရေးနိုင်ငံ၏ အကြီးဆုံးလေကြောင်းလိုင်းဖြစ်သည်။ ၂၀၀၂ခုနှစ်က ကင်ညာ၌ အစ္စရေးဂျက်ယာဉ်တစ်စင်းကို ပခုံးထမ်းဒုံးကျည်ဖြင့် ပစ်ချခဲ့ပြီးနောက် အစ္စရေးတို့က လေယာဉ်များတွင် ဒုံးပျံကာကွယ်ရေးစနစ်တပ်ဆင်လာခဲ့သည်ဟု ဆိုသည်။

၎င်းလေကြောင်းမှ လေယာဉ်များအား ၂၀၀၄ခုနှစ်မှစပြီး ၎င်းဒုံးပျံကာကွယ်ရေးစနစ်ကို စတင်တပ်ဆင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဖိလစ်ပိုင်အရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် နေအိမ်များပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်အရှေ့ပိုင်း မြေပြိုမှုတွင် လူ ၂၀၀သေဆုံး၊ ၁၅၀၀ခန့်ပျောက်ဆုံးနေ

မနီလာ ဖေဖော်ဝါရီ ၁၇

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ တောင်ဘေးရှိ နေအိမ်ရာပေါင်းများစွာနှင့် ကျောင်းတစ်ကျောင်း ညွန်နုန်းအောက်ရောက်ကာ အနည်းဆုံး လူ ၂၀၀ သေဆုံးပြီး ၁၅၀၀ခန့် ပျောက်ဆုံးနေကြောင်း ရာဟူးဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရသည်။

အခင်းဖြစ်ပွားရာဒေသမှာ မနီလာမြို့မှ အရှေ့တောင်ဘက် မိုင်၄၂၀အကွာ လိုက်တီကျွန်းပေါ်ရှိ ဂူအင်ဆော်ဂွန်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရွာ၌ လူပေါင်း ၂၅၀၀ခန့် နေထိုင်ကြောင်း၊အခြားရွာနှစ်ရွာမှ လူ၃၀၀၀ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ မြေပြိုရာတွင် အသက်ရှင်ကျန်ရစ်သူ ဒါရီအိုလီဗာတန်က မနီလာရေဒီယိုသို့ ပြောကြားသည်။

ရွှံ့ညွန်များမြေပြိုကျရာတွင် အချို့သောနေရာများမှာ ပေ၃၀ခန့်နက်ကြောင်း၊ ကျောင်းသား ၂၀၀ခန့် စာသင်ကျောင်းတစ်ကျောင်းသို့ ကယ်ဆယ်ရေးအဖွဲ့များ ချဉ်းကပ်ရန် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း၊ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင် ရစ်ကီအီစတယ်က ပြောကြားသည်။

(အင်တာနက်)

ရေခဲများဖြင့်တည်ဆောက်ထားသော စားသောက်ဆိုင်

တိုကျို ဖေဖော်ဝါရီ ၁၈

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုင်အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများအား ရေခဲများဖြင့် မွမ်းမံ ပြုလုပ်ထားသော စားသောက်ဆိုင်တစ်ဆိုင်ကို ဖေဖော်ဝါရီ ၁၅ရက်၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။(အောက်ပုံ)

စားသောက်ဆိုင်တစ်ခုလုံးတွင် ရေခဲများဖြင့် မွမ်းမံပြုလုပ်ထားသဖြင့် စားသောက်ဆိုင်အခန်းအတွင်း အပူချိန်မှာ အနုတ် ၅ဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းနေသည်။ လာရောက်စားသုံးမည့်သူများသည် အနွေးဓာတ်ရရှိရန် အကျႌအဝတ်အစားများ အပိုထည့်ယူလာရမည်ဖြစ်ပြီး အခန်းတွင်း အအေးဓာတ်အတိုင်း နေထိုင်ချင်သူများအတွက် နဂိုမူရင်း အဝတ်အစားဖြင့်သာ လာရောက်စားသုံးနိုင်မည်ဖြစ်သည်။ ရေခဲစားသောက်ဆိုင်တွင် လာရောက်စားသုံးသူများသည် အနည်းဆုံး ဂျပန်ယန်းငွေ ၃၅၀၀(အမေရိကန်ဒေါ်လာ ၃၀)ခန့် လိုအပ်မည်ဖြစ်သည်။

ပထမဆုံးဖွင့်လှစ်

ယခုကဲ့သို့ စားသောက်ဆိုင်မျိုးကို ဂျပန်နိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါ ရေခဲစားသောက်ဆိုင်များကို စတော့ဟုမ်း၊ မီလန်နှင့် လန်ဒန်မြို့များတွင် ဖွင့်လှစ်ထားပြီး အာရှ၌ ဂျပန်နိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်ခြင်းပင်ဖြစ်သည်။

ပိုမိုများပြား

ရေခဲစားသောက်ဆိုင်တွင် ဂျပန်လူငယ်များက စိတ်ဝင်စားစွာ လာရောက်စားသုံးလျက်ရှိကြောင်း၊ လူငယ်များ လာရောက်မှု ပိုမိုများပြားလာဖွယ်ရှိကြောင်းလည်း စားသောက်ဆိုင်ကြီးကြပ်သူများက ပြောကြားသည်။

(အင်တာနက်)

ပီရူး၌ ယာဉ်မတော်တဆမှုနှစ်မှုဖြစ် လူ၄၄ဦး သေဆုံး၊ ၆၈ဦးဒဏ်ရာရ

လီမာ ဖေဖော်ဝါရီ ၁၈

ပီရူးနိုင်ငံတွင် ယာဉ်မတော်တဆမှု နှစ်မှုဖြစ်ပွားခဲ့ရာ လူ၄၄ဦး သေဆုံးပြီး ၆၈ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ပထမ မတော်တဆမှုမှာ မြို့တော် လီမာမှ ကီလိုမီတာ ၈၀အကွာ မာတူကာနာတွင်ဖြစ်ပြီး အဆိုပါ အင်ဒီအင်ဒေသ၌ မိုးကြီးပြီး ရီမာမြစ်ကမ်းပါးများ ပြိုကျလျက်ရှိရာ ယင်းမြစ်အတွင်းသို့ ခရီးသည်တင် ဘတ်စ်ကားတစ်စီး ကျခဲ့သဖြင့် လူ၁၆ဦး သေဆုံးသွားကာ ၂၄ဦး ဒဏ်ရာရရှိခဲ့သည်။ ကားမှာ ပီရူးနိုင်ငံ အလယ်ပိုင်းရှိ အဝေးပြေးလမ်းပေါ်တွင် ချိုစီကာမှ ဆန်မာတီယိုသို့ မောင်းခဲ့ခြင်းဖြစ်သည်။

တိမ်းမှောက်

ဒုတိယ မတော်တဆမှုမှာ အဝေးပြေး ဘတ်စ်ကားတစ်စီးသည် လီမာသို့ ဦးတည်မောင်းလာစဉ် တိမ်းမှောက်ခဲ့သဖြင့် ခရီးသည် ၂၈ဦး ပွဲချင်းပြီး သေဆုံးသွားပြီး ၄၄ဦးဒဏ်ရာရရှိခဲ့သည်။ ပဏာမစစ်ဆေးတွေ့ရှိချက်အရ မတော်တဆနှစ်ခုတွင် လူမတန်တဆတင်ခြင်း၊ အမြန်မောင်းခြင်း၊ လမ်းချော်နေခြင်းများကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ပီရူးအမျိုးသားရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာရှ-ပစိဖိတ် ၁၄ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀ ခန့် ကလေးများအား ကာကွယ်မှု ဥပဒေပြုရေး ဟန္နိုင်း၌ဆွေးနွေး

ဟန္နိုင်း ဖေဖော်ဝါရီ ၁၆

အာရှ-ပစိဖိတ် ၁၄ နိုင်ငံရှိ နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ကိုယ်စားလှယ် ၁၀၀ ခန့်သည် ကလေးများအား ကာကွယ်ရေးအတွက် ပိုမိုကောင်းမွန်သော ဥပဒေပြုရေးကို ရှာဖွေဆွေးနွေးရန် ဖေဖော်ဝါရီ ၁၅ ရက်က ဟန္နိုင်းတွင် တွေ့ဆုံခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းရှိ ကလေးသန်းပေါင်းများစွာ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသမှ ကလေးများစွာသည် ဆိုးကျိုးအခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ ကလေးများအား အကာအကွယ်ပေးရာတွင် သေချာမှုရှိစေရန် ၎င်းတို့၏အခန်းကဏ္ဍကို မြှင့်တင်ရာတွင် စီးပွားရေးကမ္ဘာ အားလုံးကို လှုံ့ဆော်ရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် နိုင်ငံတကာ ပါလီမန်ဆိုင်ရာ သမဂ္ဂ (အိုင်ပီယူ)မှ အတွင်းရေးမှူးချုပ် အင်ဒါးစ်ဂျွန်ဆင်က ပြောကြားသည်။

ဆွေးနွေး

ကလေးများအတွက် အကာအကွယ်ပေးမှု အခြေခံမူဘောင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါလီမန်၏အခန်းကဏ္ဍဟု အမည်ပေးထားသော သုံးရက်ကြာဆွေးနွေးပွဲအတွင်း ဥပဒေပြဋ္ဌာန်းသူများနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ကလေးများအား ကာကွယ်ရေးတွင် ပါလီမန်၏ အခန်းကဏ္ဍ၊ ကလေးများအား ကာကွယ်ရေးအတွက် ဥပဒေပြုရေး၊ ကလေးများနှင့် နီးနွယ်သောပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကလေးများအား မှောင်ခိုခြင်းနှင့် အကြမ်းဖက်ခြင်းများကဲ့သို့ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအိုနှင့် ကနေဒါကဲ့သို့ နိုင်ငံများမှ ကိုယ်စားလှယ် ၁၀၀ ခန့် ပူးပေါင်းပါဝင်မှုနှင့်အတူ အိုင်ပီယူနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်တို့က ကျင်းပခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

ယွမ်၁၇သန်းဖိုးရှိ ထီဆုငွေများ လာမထုတ်သေး

ပေကျင်း ဖေဖော်ဝါရီ ၁၇

ယမန်နှစ်ကယွမ် ၁၇သန်းဖိုးရှိ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁သန်း) ထီဆုငွေများ လာရောက်ထုတ်ယူခြင်း မရှိကြောင်း ပေကျင်းနယူးစ်က ဖော်ပြသည်။

လာရောက်ထုတ်ယူခြင်းမရှိသောထီဆုငွေများသည် ခရီးသွားများဝယ်ယူသွားသည့် ငါးယွမ်တန်ထီလက်မှတ်များဖြစ်ကြောင်း ပေကျင်းထီအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထို့အပြင် အချို့သော ထီလက်မှတ်များသည် ပျောက်ဆုံးခြင်းသို့မဟုတ် ပျက်စီးခြင်းများဖြစ်ခဲ့ရကြောင်းဖြင့်လည်း ၎င်းက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ၎င်း၏ ပထမဆုံးထီကို ၁၉၈၇ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ထီလက်မှတ်များကို အားကစားအဆောက်အအုံများနှင့် လူမှုရေး၊ သက်သာချောင်ချိရေး အစီအစဉ်များမှ တည်ထောင်ထားသော အဖွဲ့များမှ ရောင်းချပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ၂၀၀၅ ခုနှစ်က ထီလက်မှတ်ရောင်းချရမှုသည် ယွမ် ၄၁ ဘီလီယံသို့ရောက်ရှိခဲ့သည်။ ယင်းကဲ့သို့ ရောင်းချရမှုကြောင့် နိုင်ငံတော်လူမှုဖူလုံရေးရန်ပုံငွေအတွက် ယွမ် ၁၄ ဒသမ ၃ ဘီလီယံအထိ မြှင့်တက်လာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မဟာတံတိုင်းကြီးအား ကာကွယ်ထိန်းသိမ်းရန် ကင်းလှည့်ရေးအဖွဲ့ တရုတ်ထူထောင်

ပေကျင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံသည် ကမ္ဘာ့အံ့ဖွယ်ရာ ခုနစ်ခုထဲမှ ကီလိုမီတာ ၇၀၀၀ ကျော် ရှည်လျားသည့် မဟာတံတိုင်းကြီးအား ကင်းလှည့်ရန် အဖွဲ့တစ်ဖွဲ့ကို ပထမဆုံး တည်ထောင်လိုက်ကြောင်း၊ ယင်းတို့သည် အဆိုပါတံတိုင်းကြီးအား ဗိသုကာလက်ရာများ ပျက်စီးခြင်းမရှိအောင် စောင့်ရှောက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးမည်

အဆိုပါအဖွဲ့သည် မျိုးသုဉ်းသွားပြီဖြစ်သော အမွေးရှည်ဆင်ကြီးတစ်မျိုး လက်ရာများပျက်စီးခြင်းကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ချိုင်းနားဒေးလီးက ဖော်ပြသည်။ ၎င်းတို့သည် ပေကျင်းရှိ ကီလိုမီတာ ၆၃၀ရှည်သော အပိုင်းကို စစ်ဆေးကြမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့ကို ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများက ပါဝင်ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ မဟာတံတိုင်းအနီးရှိ ကျေးလက်နေ ပြည်သူများလည်း အဓိကအားဖြင့် ပါဝင်မည်ဖြစ်ကြောင်း ပေကျင်းမြူနီစီပယ် အုပ်ချုပ်ရေးမှူး ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး ဒုတိယ ညွှန်ကြားရေးမှူး ယုပိုင်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၅ ရက်က ကားဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့ အက်ဟာမီယာခရိုင်ရှိ မာဂါရစ်လမ်းတွင် ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်ဖြတ်မောင်းသွားစဉ် ပေါက်ကွဲသွားခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့အကြီးအကဲ အာမက်အဗ္ဗဒူလာက ပြောကြားသည်။

သေဆုံး

ယင်းပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး အခြားရဲတပ်ဖွဲ့ဝင် တစ်ဦးဒဏ်ရာရရှိသည့်အပြင် အရပ်သား သုံးဦးလည်း ဒဏ်ရာရရှိကာ ရဲနှင့်အရပ်ဘက်ကားများလည်း ပျက်စီးသွားကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်းသန်း၁၆၀ခန့်က တိရစ္ဆာန်ဦးခေါင်းခွံ တရုတ်၌ရှာဖွေတွေ့ရှိ

ရှေးနှစ် သန်းပေါင်း ၁၆၀ခန့်က အသက်ရှင် ကျက်စားခဲ့သော တိရစ္ဆာန်တစ်ကောင်၏ ဦးခေါင်းခွံတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ တိရစ္ဆာန်အရိုးစုကို တရုတ်နိုင်ငံတွင် ရှာဖွေ တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်အရ လွန်ခဲ့သော နှစ်ပေါင်းသန်း ၁၆၀ ခန့်က အသက်ရှင်နေထိုင်ကျက်စားခဲ့သော တိရစ္ဆာန်တစ်ကောင်၏ အပေါ်မေးရိုးနှင့် သွားများပါရှိသော ဦးခေါင်းခွံ တစ်ခုဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

နှစ်ပေါင်း၆၅၀၀ခန့်က ရွှေဆွဲပြား ဂရိနိုင်ငံ၌တွေ့ရှိ

လွန်ခဲ့သော နှစ်ပေါင်း ၆၅၀၀ ခန့်က ရွှေဆွဲပြားတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ရွှေဆွဲပြားကို ဂရိနိုင်ငံမြောက်ပိုင်း တက်ချာလိုနီကီမြို့အနီး လယ်ကွင်းတွင် တွေ့ရှိခဲ့ရခြင်းဖြစ်၍ သုတေသန ပညာရှင်များ၏ အဆိုအရ ရှေးခေတ်ဂရိ လူမျိုးတို့ လက်ဝတ်ရတနာ ပစ္စည်းတစ်ခုဖြစ်ပြီး နှစ်ပေါင်း ၆၅၀၀ ခန့်က ပြုလုပ်ခဲ့ခြင်းဖြစ်မည်ဟု ခန့်မှန်းထားသည်။ **(အေပီ)**

အမေရိကန်အခြေစိုက်ကုမ္ပဏီမှ တိရစ္ဆာန်အစားအစာကြောင့် အစ္စရေး၌ အိမ်မွေးခွေး ၂၃ ကောင်သေဆုံးခဲ့ရ

တရုတ်ပြည်၏ ကမ္ဘာလှည့် ခရီးသွားများ လာရောက်ရာ မဟာတံတိုင်းကြီးအား ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျေရုစလင် ဖေဖော်ဝါရီ ၁၈

အမေရိကန် အခြေစိုက်အိမ်မွေးတိရစ္ဆာန်အစားအစာ ကုမ္ပဏီက ထုတ်လုပ်သည့် အစားအစာများကို စားမိသဖြင့် မကြာသေးသည့် ရက်သတ္တပတ်က အစ္စရေးနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် ခွေး ၂၃ကောင်မှာ အစာအဆိပ်သင့်ပြီး သေဆုံးခဲ့ရသည်။ အခြား အိမ်မွေးတိရစ္ဆာန် ၁၇ ကောင်သည်လည်း အစာအဆိပ်သင့်ကာ အနည်းငယ်သာ အသက်ရှင်ခဲ့ကြောင်း တိရစ္ဆာန်ဆေးကု ဆရာဝန်များက ပြောကြားသည်။

ဆေးကု

အစာအဆိပ်သင့်သဖြင့် ခွေး ၁၄ ကောင်ကို ကုသပေးလျက်ရှိသည့် ဘီးယက်ဒါဂင်တိရစ္ဆာန်ဆိုင်ရာ သိပ္ပံဌာနတွင် အစ္စရေးရုပ်မြင်သံကြား၊ ရေဒီယိုများမှ မေတ္တာရပ်ခံခဲ့သည့်အတွက် လူဒါဇင်ပေါင်းများစွာသည် ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်များဖြင့် သွေးလှူဒါန်းရန်အတွက် ခေါ်ဆောင်လာခဲ့ကြကြောင်း တိရစ္ဆာန်ဆေးကု ဆရာဝန်များက ပြောကြားသည်။

ထုတ်ပြန်

အမေရိကန် အစားအစာနှင့်ဆေးဝါး စီမံခန့်ခွဲရေးဌာနသည် အစားအစာ အိတ်များစွာကို စမ်းသပ်စစ်ဆေးခဲ့ပြီး နောက် အသီးအနှံများတွင် သေစေနိုင်သည်ဟု ထင်ရသည့် ဓာတုပစ္စည်းများကို တွေ့ရှိရသဖြင့် စိန်အိမ်မွေးတိရစ္ဆာန်အစားအစာ ထုတ်ကုန်များကို ပြန်လည်သိမ်းဆည်းရန် ထုတ်ပြန်ခဲ့ သည်။

သိမ်းဆည်း

ယင်းကုမ္ပဏီမှ အစားအစာများကြောင့် အမေရိကန်ပြည်ထောင်စုတွင် ခွေး ၇၅ ကောင်ထက်မနည်း သေဆုံးခဲ့သည်။ အစ္စရေးစိုက်ပျိုးရေးဝန်ကြီးဌာနသည် အစ္စရေးတွင် ခွေးအချို့သေဆုံးခဲ့ပြီးနောက် ဖေဖော်ဝါရီလတွင် ထုတ်ကုန်များကို ပြန်လည် သိမ်းဆည်းခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဂရင်းလန်းရေခဲမြစ် အရည်ပျော်မှု မြန်ဆန်လာ

လွန်ခဲ့သော ဆယ်စုနှစ်ကျော်က ကမ္ဘာ့အပူချိန် ပူနွေးလာမှုသည် ဂရင်းလန်းတောင်ပိုင်းရှိ ရေခဲမြစ်များ အရည်ပျော်ကျမှုကို ပို၍ မြန်ဆန်လာစေကာ အတ္တလန္တိတ်သမုဒ္ဒရာအထိ ကျယ်ပြန့်လာကြောင်း ရာဟူးသတင်းဝက်ဘ်ဆိုက်တွင် ဖေဖော်ဝါရီ ၁၈ ရက်က ထုတ်လွှင့် ဖော်ပြထားသည်။

မြင့်တက်

ယင်းကဲ့သို့ ရေခဲမြစ်များ အရည်ပျော်ကျမှု ပိုမိုမြန်ဆန်လာ၍ ယခင်က ထင်ထားတာထက်ပင် ပင်လယ်ရေမျက်နှာပြင်မှာ ပိုမိုမြင့်တက်လာသည်။ သိပ္ပံပညာရှင်များက အဆိုပါ ရေခဲမြစ်များ အရည်ပျော်ကျမှုကို ၁၉၉၆ ခုနှစ်ကတည်းကတည်းက လေ့လာခဲ့ရာ ယခုအခါ ရေခဲမြစ်များပို၍ အရည်ပျော်လာပြီး အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ နှစ်ဆစီးဝင်ကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခဲ့သည်ဟုဆိုသည်။

ဂရင်းလန်း ရေခဲပြင် အရည်ပျော်မှုတိုးလာမှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည်လည်း နှစ်စဉ်မြင့်တက်လျက်ရှိကြောင်း၊ ယခင်ခန့်မှန်းထားသည်ထက် နှစ်ဆ မြင့်တက်လာကြောင်း ကယ်လီဖိုးနီးယားရှိ နာဆာမှ တာဝန်ရှိသူ အဲရစ်ရီနော့က ပြောကြားသည်။

ဂရင်းလန်း ရေခဲမြစ်သည် ပို၍ အရည်ပျော်မှု မြန်ဆန်လာခြင်းကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု ပိုမို မြန်ဆန်လာကြောင်း ရီနော့က အမေရိကန် အထူးသိပ္ပံအသင်း၏ နှစ်ပတ်လည်အစည်းအဝေး၌ ပြောကြားသည်။

စီးဝင်နေ

လေထုအပူချိန်မြင့်တက်မှုကြောင့် ရေခဲမြစ်များအရည်ပျော်မှု မြန်ဆန်လာရကြောင်း၊ ရေခဲများ အရည်ပျော်ကျမှုကြောင့် ရှစ်မိုင်မှ ကိုးမိုင်ခန့် ရေခဲတုံး တစ်ခုနှင့်တစ်ခုကြား ရေအိုင်များဖြစ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စီးဝင်နေကြောင်း ၎င်းက ပြောဆိုခဲ့သည်။

အဆ ၂၀၀

၂၀၀၅ ခုနှစ်အတွင်း ဂရင်းလန်း ရေခဲပြင်၏ ၅၄ ကုဗမိုင် အရည်ပျော်သွားကြောင်း၊ ယင်းပမာဏမှာ လော့စ်အိန်ဂျလိစ်က အသုံးပြုသော တစ်နှစ်ရေချိုသုံးပမာဏထက် အဆ ၂၀၀ မျှရှိကြောင်း ၎င်းက ပြောကြားသည်။**(ကိုးကားချက်-အင်တာနက်)**

ရေခဲမြစ်များ အရည်ပျော်မှု မြန်ဆန်လာမှုကြောင့် အရှေ့ဂရင်းလန်းဒေသတွင် ရှစ်မိုင်မှ ကိုးမိုင်ခန့် ရေခဲတုံး တစ်ခုနှင့်တစ်ခုအကြား ရေအိုင်များ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရစဉ်။

ရာသီဥတုဆိုင်ရာဂြိုဟ်တုသယ်ဆောင်သွားသည့်ဒုံးပျံ အာကာသသို့ ဂျပန်နိုင်ငံလွှတ်တင်

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ တာနီဂါရှီမာအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာအဖြစ်ပျက်များ စောင့်ကြည့်လေ့လာရေးနှင့် လေထုအနေအထားကို သိရှိနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ H-2A ဒုံးပျံကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့)က အာကာသသို့ လွှတ်တင်လိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ထို H-2A ဒုံးပျံသည် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များပါရှိသော ဂြိုဟ်တုတစ်ခုကိုလည်း သယ်ဆောင်သွားသည်။ ယခုကဲ့သို့ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ ဂြိုဟ်တုကို ဒုံးပျံဖြင့်လွှတ်တင်ခြင်းမှာ ဂျပန်နိုင်ငံအတွက် ဒုတိယအကြိမ် အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုကို အာကာသသို့ ဒုံးပျံဖြင့် လွှတ်တင်နိုင်ခြင်းဖြင့် အာကာသတွင် ဖြစ်ပေါ်နေသော ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများ၊ လေတိုက်ခတ်နှုန်းများ၊ မုန်တိုင်းတိုက်ခတ်ခြင်းများအပြင် အခြား ထူးခြားသော ရာသီဥတုဆိုင်ရာဖြစ်ရပ်များကို မြေပြင်စခန်းသို့ သတင်းပေးပို့နိုင်မည်ဖြစ်သည်။

(ကိုးကားချက်-အင်တာနက်)

ယာဉ်တိုက်မှုကင်းမဲ့ဇုန်များသတ်မှတ်၍ စီမံချက်ချ ဆက်လက်ဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်သည် လူနေထူထပ်သည်နှင့်အမျှ ယာဉ်စီးရေမှာလည်း အဆမတန်များပြားလာသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ တိုးပွားလာသော လူဦးရေနှင့် ယာဉ်စီးရေတို့အကြား ယာဉ်တိုက်မှုအခြေအနေမှာ လျော့ကျမသွားဘဲရှိနေ၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီက အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ထိရောက်သောပြစ်ဒဏ်များချမှတ်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အထွေထွေအကြံပြုချက်များပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းများအနက် မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားရခြင်းမှာ အများဆုံးဖြစ်သဖြင့် အသိပညာပေးခြင်းအပိုင်းတွင် စိတ်ပိုင်းဆိုင်ရာစစ်ဆေးရေးဌာနမှ အရာရှိများနှင့် ပူးပေါင်း၍ ယာဉ်မောင်းသူ စိတ်အခြေအနေ မှုမှန်၊ မမှန်၊ အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိတို့ကို စိစစ်ဆောင်ရွက်ခဲ့သည်။

ပြစ်ဒဏ်ချမှတ်

ယာဉ်တိုက်မှုဖြစ်ပွားခဲ့လျှင် ပြစ်မှုအခြေအနေအလိုက် ယာဉ်မောင်းသူ၏ တစ်နှစ်အတွင်း စည်းကမ်းချိုးဖောက်မှုအား အမှတ်ပေးစနစ်ဖြင့် ကျင့်သုံး၍ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း နေ့စဉ်မော်တော်ယာဉ်ဖြင့် သွားလာသူ ၂ဒသမ ၁ သန်းခန့်၊ ခြေကျင်သွားသူ ၁ ဒသမ ၅ သန်းခန့်ရှိရာ ယာဉ်မတော်တဆမှု အကြောင်းရင်းတွင် လမ်းကူးသူပေါ့ဆမှုကြောင့်လည်း ဒုတိယအများဆုံးဖြစ်သည်။ ထို့ကြောင့် ယခုအခါ လူကူးမျဉ်းကျားတွင် လျှပ်စစ်အချက်ပြနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်တို့က ထိန်းသိမ်းပေးခြင်း၊ လူကူးခုံးကျော်တံတားများဆောက်၍ အသုံးပြုစေခြင်း၊ ရုံးတက်၊ ရုံးဆင်း၊ ကျောင်းသွား၊ ကျောင်းပြန်ချိန်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသံချဲ့စက်ဖြင့် လှုံ့ဆော်ပညာပေးခြင်းများကြောင့်လည်း အများပြည်သူတို့ ယာဉ်နှင့်ပတ်သက်၍ အသိတိုးပွားခဲ့ရသည်။

၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ယာဉ်တိုက်မှု တစ်နေ့ရာတည်း၌ အနည်းဆုံး ငါးကြိမ်၊ အများဆုံး ၁၀ ကြိမ်ဖြစ်ပွားပြီး တစ်နှစ်ပတ်လုံးယာဉ်တိုက်မှု ၁၃၁ ကြိမ်ဖြင့် တစ်လပျမ်းမျှ ၁၀ ဒသမ ၉ ကြိမ်ဖြစ်ပွားသည့်နေ့ရာ၂၀တွင် ယာဉ်တိုက်မှုကင်းမဲ့ စီမံချက်ချပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ တစ်လလျှင် နှစ်ကြိမ်သာဖြစ်ပွားသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝိုင်းဝန်းကူညီဆောင်ရွက်

၂၀၀၆ ခုနှစ် ဇန်နဝါရီမှစ၍ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးသတ်မှတ်ဆောင်ရွက်လျက်ရှိရာ လမ်းအသုံးပြုသူများဖြစ်သည့် ယာဉ်မောင်းသူများ၊ အနေးယာဉ်စီးနင်းသူများ၊ ခြေကျင်လျှောက်သူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိကျစွာ လိုက်နာခြင်းဖြင့် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးပျက်စီးမှုများ မဖြစ်ပွားရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

အင်တာနက်သတင်း ပြည်တွင်းသတင်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ဘေး ကင်းဝေးလျက်ရှိသည့် ရန်ကုန်မြို့၏ မြို့လယ်တစ်နေရာ။

သတင်းမှတ်စု-ဝင်းရွှေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာကိစ္စရပ်များကို ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ဆူနာမီသတိပေးချက် အလုပ်ရုံဆွေးနွေးပွဲ၊ ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နိုင်ငံများအလိုက် ဝန်ကြီးများအဆင့်အစည်းအဝေးတို့ကို တက်ရောက်ခဲ့ပြီး အိန္ဒိယသမုဒ္ဒရာ ဆူနာမီ သတိပေးစနစ် ထူထောင်ခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများက လေ့လာ၍ တာဝန်ယူဆောင်ရွက်ရန် ဆွေးနွေးတိုက်တွန်းခဲ့သည်။

ဆူနာမီသတိပေးခြင်း

ထို့အပြင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၅ ခုနှစ် မတ် ၆ ရက်မှ ၁၃ ရက်အထိကျင်းပခဲ့သည့် ဆူနာမီဆိုင်ရာသတိပေးခြင်းနှင့် လျော့ပါးခြင်းစနစ်ဆိုင်ရာ ထူထောင်မှုအတွက် နိုင်ငံတကာအစည်းအဝေး၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဆူနာမီဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးများသို့ တက်ရောက်ကာ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ခေတ်မီကိရိယာတပ်ဆင်မည်

ဆူနာမီနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်တော့မည့် ခေတ်မီကိရိယာများကို မြန်မာနိုင်ငံတွင် မကြာမီတပ်ဆင်တော့မည်ဖြစ်ရာ ဆူနာမီဘေးမှ ကင်းဝေးစေရန် ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း တင်ပြလိုက်ရပေသည်။

(သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ)

❒ ရှေ့ဖုံးမှ

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

တွေ့ဆုံဆွေးနွေး

ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ ရထားဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျိုကျစ်ကျွင်း၊ Information Industry ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ရှီတုန်နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှုတ်ဆက်စကားပြောကြားကြပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌ နှစ်နိုင်ငံအကြား ခိုင်မြဲစွာတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာသည်ထက် ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် မိမိတို့ ဤချစ်ကြည်ရေးခရီးစဉ်ကို လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

တိုးတက်ခိုင်မြဲလာ

မိမိတို့ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ပြုခဲ့သည်မှာ (၅၆)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ ဤ(၅၆)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို အခြေခံပြီး အတူတကွ လက်တွဲကာ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံလာခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တစ်နေ့တခြား တိုးတက်ခိုင်မြဲလာလျက်ရှိကြောင်း။

မိတ်ဆက်ပေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆို နှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

မြန်မာချစ်ကြည်ရေး အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ပိုမိုတိုးမြှင့်

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို မိမိတို့ မျိုးဆက်သစ်ခေါင်းဆောင်များကလည်း နက်နက်ရှိုင်းရှိုင်း ပိုမိုရှင်သန် ခိုင်မြဲစေမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာစသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း။

အထူးကျေးဇူးတင်

နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ ပေါ်ပေါက်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bankက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၃၁ဒသမ၅၀သန်းချေးသည့် Sub Loan Agreement စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် The Export-Import Bank of China ဥက္ကဋ္ဌ မစ္စတာလီရော့ဂူတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်

နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ဖော်ဆောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို မိမိတို့ မျိုးဆက်သစ် ခေါင်းဆောင်များကလည်း နက်နက်ရှိုင်းရှိုင်း ပိုမိုရှင်သန် ခိုင်မြဲစေမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ စသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း။

မဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းကြီး စီမံချက်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဝမ်ရှီတန်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက နားလည်စာနာမှုဖြင့် မြန်မာနိုင်ငံဘက်က ဆက်လက်ရပ်တည်ပေးသွားမည်ဟုလည်း အပြည့်အဝ ယုံကြည်နေပါကြောင်း။

မြန်မာနိုင်ငံကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အစဉ်တစိုက် ကျင့်သုံးလာခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း၊ ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နားလည်စာနာမှုဖြင့် အစစအရာရာ ကူညီဆောင်ရွက်ပေးမှုများအတွက် များစွာ ကျေးဇူးတင်ရှိကြောင်း။

နှစ်နိုင်ငံရှည်လျားသည့် နယ်နိမိတ်ဖြင့် ထိစပ်နေသည့်တိုင် ဖြစ်ပေါ်လာသည့် အခက်အခဲများကို အောက်ခြေအဆင့်မှာပင် ညှိနှိုင်း အဖြေရှာ

ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းအဆင့်(၂)အတွက် လျှပ်စစ်နှင့် စက်မှုပစ္စည်းကိရိယာများ ပေးသွင်းရေးစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Co., Ltd. ဥက္ကဋ္ဌ မစ္စတာဖုန်ကီတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို နှစ်နိုင်ငံလုံးက အလေးထားသဖြင့် ချစ်ကြည်မှုမှာ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကာ တစ်နိုင်ငံကိုတစ်နိုင်ငံက အမြဲတမ်းထောက်ခံခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အစဉ်တစိုက်ကျင့်သုံးခဲ့သဖြင့် တရုတ်နိုင်ငံက ချီးကျူးပါကြောင်း၊ တရုတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ General Administration of Civil Aviation မှ ညွှန်ကြားရေးမှူး Mr. Yang Yuan Yuan တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများတွင် မိမိတို့နှစ်နိုင်ငံသည် အောင်မြင်စွာ လက်တွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်မှု အပိုင်းတွင်လည်း များစွာ တိုးတက်မှုရရှိနေပါကြောင်း၊ ဤအစဉ်အလာကောင်းများကို မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်စောင့်ထိန်းသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး

မိမိတို့အနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အညီ စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားညီလာခံကျင်းပခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်ပြီး ဆွေးနွေးရာ၌ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်မှုစာချွန်လွှာများ အပါအဝင် သဘောတူစာချုပ်(၈)ခုကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် စီစဉ်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီပေးထားသည့် လုပ်ငန်းများအနက် လုပ်ငန်းပြီးပြတ်ရန် ကျန်ရှိနေသေးသည့် အချို့လုပ်ငန်များ အမြန်ပြီးမြောက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းရပ်များနှင့် ပတ်သက်ပြီး သီလဝါစက်မှုဇုန်စီမံကိန်းနှင့်ဆက်စပ်၍ ရန်ကုန်မြစ်ကြောင်းအတွင်း တန်ချိန်၂၀၀၀၀ရှိ သင်္ဘောများ ဝင်ထွက်နိုင်ရန် မြစ်ကြောင်းရှင်းလင်းရေး၊ လားရှိုး-မူဆယ် ရထားလမ်းဖောက်လုပ်ရေး၊ မြိတ်မြို့ မှန်စက်ရုံတည်ဆောက်ရေး၊ တိုက်ကြီးမြို့ တာယာစက်ရုံတည်ဆောက်ရေးအပါအဝင် လုပ်ငန်းသစ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဆွေးနွေးရာတွင် မိမိတို့နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်မှုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း၊ နောင်ကာလတွင်လည်း မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန် ဆန္ဒရှိပါကြောင်း။

နိုင်ငံတကာနယ်ပယ်တွင်လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခြင်းဖြင့် နှစ်ဖက်အကျိုးစီးပွားများ ကာကွယ်မှုကိုတိုးတက်စေရန် ဆန္ဒရှိကြောင်း၊ အပြန်အလှန်ချစ်ကြည်သောဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးသွားကြရမည် ဖြစ်ကြောင်း။

လုပ်ငန်းစီမံကိန်းများအသုံးပြု

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာပြည်သူများအပေါ် ထားရှိသည့် ချစ်ကြည်မှုသံယောဇဉ်ကို ဖော်ပြသည့်အနေဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံအား ယွမ်သန်း၇၀ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေအမေရိကန်ဒေါ်လာသန်း၂၀၀ကိုလည်း ပေးသွားမှာဖြစ်ကြောင်း၊ အဆိုပါချေးငွေဖြင့် ပေနက်ရေနံတွင်းတူးစက်ဝယ်ယူရန်နှင့် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် လုပ်ငန်းစီမံကိန်းများတွင် အသုံးပြုရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ကုန်ပစ္စည်း၁၃၃မျိုးကို အခွန်သက်သာခွင့်ပေးထားပြီး ပို့ကုန် ၈၇ မျိုးကိုလည်း အခွန်ကင်းလွတ်ခွင့် ပေးခဲ့ကြောင်း။

ထို့ပြင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့နိုင်ရန် မြန်မာနိုင်ငံ၏ ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍတွင် တရုတ်ကုမ္ပဏီများပါဝင်ဆောင်ရွက်မှုကို အားပေးရန် တိုက်တွန်းလိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်ထူထောင်မှုကို မိမိတို့အဆက်မပြတ် အကူအညီပေးသွားမှာဖြစ်ပါကြောင်း၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ အထူးသဖြင့် အာဆီယံ+ ၁၊ အာဆီယံ+ ၃နှင့် မဲခေါင်မြစ်ဒေသဖွံ့ဖြိုးရေးတို့တွင် အပြန်အလှန် အကူအညီများပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူညီပြီးဖြစ်သည့် စီမံကိန်းများ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အကူအညီများပေးသွားမည်

ရေအားလျှပ်စစ်စီမံကိန်းများ၊ မီးရထားလမ်း စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အခြေခံတည်ဆောက်ရေးတွင် အကူအညီများပေးသွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးပပျောက်ရေးကို မြန်မာနိုင်ငံမှဆောင်ရွက်ချက်များ အောင်မြင်မှုရနေသကဲ့သို့ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း အောင်မြင်မှုများရရှိနေကြောင်း။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့အကြား ချုပ်ဆိုသည့် ယူရီးယားဓာတ်မြေဩဇာစက်ရုံစီမံကိန်းအတွက် ငွေချေးစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် The Export Import Bank of China ဥက္ကဋ္ဌ မစ္စတာလီရော့ဂူတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံအကြား ခိုင်မြဲစွာတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုခိုင်မာသည်ထက်ခိုင်မာ နှစ်နိုင်ငံ အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးရထားတွဲများပေးအပ်လှူဒါန်းခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး Mr. Liu Zhijunတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံအစိုးရ အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိနေသည်ကို မြင်တွေ့ရသဖြင့် မိတ်ဆွေကောင်းအနေဖြင့် ဝမ်းမြောက်ရပါကြောင်း။

တရုတ်အစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် မူဝါဒမှာပြောင်းလဲမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မြန်မာအစိုးရနှင့် မြန်မာပြည်သူများကသာ ဖန်တီးဖြေရှင်းကြရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်းများကို ပွင့်လင်းစွာ ဆန့်ကျင်ကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံကိစ္စတင်သွင်းခြင်းကိုလည်း ဆန့်ကျင်ကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းစဉ် ဖော်ဆောင်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင် ဖြစ်ထွန်းလာစေရန် ဆန္ဒပြုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်သည့် ကူညီမှုများသည် မိတ်ဆွေအဖြစ် ကူညီပေးခြင်းသာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လာရောက်ရန်ဖိတ်ကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဆွေတော်ဝန်ကြီးချုပ်၏ဆွေးနွေးချက်များအတွက် ကျေးဇူးတင်ပါကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ အခါအခွင့်သင့်သည့်အခါ မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အဆွေတော်၏ ဖိတ်ကြားချက်ကို ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ခံပါကြောင်း ပြန်လည်ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ၆နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး၏ ဟေဘေးခန်းမ (Hebei Hall)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသောစီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(Agreement on Economic and Technical Cooperation Between the Government of the Union of Myanmar and the Government of the People's Republic of China)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝေကျန့်ဂေါ်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်(Air Services Agreement Between the Government of the Union of Myanmar and the Government of the People's Republic of China)ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ General Administration of Civil Aviation မှ ညွှန်ကြားရေးမှူး Mr. Yang Yuan Yuan တို့က လက်မှတ်ရေးထိုးကြပြီး နှစ်ဦးသဘောတူ စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးရထားတွဲများ ပေးအပ်လှူဒါန်းခြင်းဆိုင်ရာ သဘောတူစာချုပ် (Agreement on the Ministry of Railways of the Peaple's Republic of China Donating Passenger Coaches to the Ministry of Rail Transportion of the Union of Myanmar) ပြည်ထောင်စုမြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုကျစ်ကျွင်းတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ယက်စနစ် တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation တို့၏ လုပ်ငန်းများ ဆောင်ရွက်ရန် စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ မစ္စတာယင်ယီမင်တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝေကျန့်ဂေါ်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ထို့နောက် မဲခေါင်ဒေသ သတင်းအချက်အလက်အမြန်ဆက်ကြောင်းကြီး စီမံချက်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ချေးငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက် (Memorandum of Understanding on the Construction of Greater Mekong Information Superhighway Myanmar Section Between Ministry of Communications ,Posts and Telegrapgs, Union of Myanmar and Ministry of Information Industry, PRC)ကို ပြည်ထောင်စုမြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ရှီတုန်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၃၁၃သမ၅ဝသန်းချေးသည့် Sub Loan Agreement စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် The Export-Import Bank of Chinaဥက္ကဋ္ဌ မစ္စတာ လီရော့ဂူတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ငွေချေးစာချုပ်လဲလှယ်

ထို့နောက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့အကြားချုပ်ဆိုသည့် ယူရီးယားဓာတ်မြေဩဇာစက်ရုံစီမံကိန်းအတွက် ငွေချေးစာချုပ် (Loan Agreement for Urea Fertilizer Factory Project Between Myanma Foreign Trade Bank and The Export-Import Bank of China)ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် The Export-Import Bank of China ဥက္ကဋ္ဌ မစ္စတာလီရော့ဂူတို့က လက်မှတ်ရေးထိုးကြပြီး ငွေချေးစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ယက်စနစ် တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation တို့၏ လုပ်ငန်းများ ဆောင်ရွက်ရန်စာချုပ်(Supply Contract (Phase 1) Between Myanmar Posts and Telecommunications and ZTE Corporation for Myanmar National Telecommunication Network Construction Project) ကို ပြည်ထောင်စု မြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ မစ္စတာယင်ယီမင်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းအဆင့်(၂)အတွက် လျှပ်စစ်နှင့်စက်မှုပစ္စည်းကိရိယာများပေးသွင်းရေးစာချုပ်(Contract for the Supply of Mechanical and Electrical Equipment and Services for Paunglaung Hydropower Project Phase II)ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Co., Ltd. ဥက္ကဋ္ဌ မစ္စတာဖုန်ကီတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြကာ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညစာတည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ညနေ၆နာရီ၄၅မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ် အနောက်ဘက်ကမ်းပေါ်ရှိ နိုင်ငံတော်၏ စေတနာပြယုဂ်များ

မောင်ဘဖေ (ဥဿာ)

၂၀၀၆ ခုနှစ်သည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသအတွက် မင်္ဂလာရှိသော နှစ်သစ်ပင်ဖြစ်ပေသည်။ နှစ်ဟောင်းကုန်ကာ နှစ်သစ်သို့ ကူးပြောင်းဝင်ရောက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်အစိုးရ၏ ထိုဒေသအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်မြို့နယ်ပြီးတစ်မြို့နယ် ပေါ်ထွက်လာခဲ့သည်။ ယင်းဒေသများမှာ စစ်ကိုင်းတိုင်းတွင် ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်များဖြစ်ကြ၍ မကွေးတိုင်းတွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များဖြစ်ကြသည်။

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄) ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဟူသော ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ချမှတ် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကြီးများကြောင့်လည်း နိုင်ငံတစ်ဝန်းအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အမှန်ပင်ဖြစ်သည်။ ယခင်က မအေးချမ်းခဲ့သော နယ်စပ်ဒေသရှိ မြို့ရွာများသည် ယခုအခါ ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားရကာ မြို့ကြီးပြကြီးများသဖွယ် စည်ကားနေပြီဖြစ်သည်။ အလားတူ အထူးဇုန်အဖြစ် သတ်မှတ်ထားသော ဒေသကြီး(၂၄)ခုတွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ပေါ်ထွန်းလာခဲ့သည်။ ထို့အတူ နိုင်ငံတော်လူဦးရေ ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိနေသော ကျေးလက်နေ ပြည်သူများအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅) ရပ် ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

> နိုင်ငံတော်၏ စစ်မှန်သော စေတနာကြောင့် မြို့နယ်အသီးသီးရှိ အဆိုပါ ကျောင်းတိုင်းတွင် ဒေသခံအမျိုးသမီးငယ်များ စိတ်အားထက်သန်စွာ ပညာသင်ယူနေကြသည်ကို ကြည်နူးဖွယ် မြင်တွေ့ခဲ့ရသည်။

စစ်ကိုင်းနှင့်မကွေးတိုင်းအတွင်းရှိ ဧရာဝတီမြစ်အနောက်ဘက် မြို့နယ်များသည် ရာသီဥတုနှင့်ပထဝီအနေအထားကြောင့် အခြားဒေသများထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်။ ပူပြင်းသော ရာသီဥတု၊ ရှားပါးသော ရေသယံဇာတနှင့်ကြမ်းတမ်းပြီး အနှစ်မဲ့သောမြေဆီလွှာတို့ကြောင့် အားထားလောက်သည့် ဒေသထွက်ကုန်မရှိသဖြင့် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခဲ့ရသည်။ နိုင်ငံတော် အကြီးအကဲက ထိုဒေသအား သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သွားလာမှုလွယ်ကူစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော အမျိုး

ပခုက္ကူမြို့ တိုးချဲ့မြို့ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။

သမီး အိမ်တွင်းမှုသက်မွေးပညာလုပ်ငန်း သင်တန်းကျောင်းများ၊ မြို့ရေပေးရေးလုပ်ငန်းများ၊ မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ မြို့တွင်းကတ္တရာလမ်းများအား တစ်ပြိုင်နက် တစ်မြို့ပြီးတစ်မြို့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ဒေသများနည်းတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်းမှ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်၊ မကွေးတိုင်းမှ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့်ဆိပ်ဖြူမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် ဒေသခံအမျိုးသမီးငယ်လေးများအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိသည်။ ထိုပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကြောင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ အိမ်တွင်းမှုသင်တန်းကျောင်းများအား တစ်မြို့နယ်လျှင် ကျောင်းတစ်ကျောင်းစီ တည်ဆောက်၍ ကျွမ်းကျင်သော နည်းပြဆရာမများဖြင့် စက်ချုပ်ပညာ၊ လက်မှုပညာ၊ သိုးမွေး စက်ဆွဲပညာ၊ ရက်ကန်းပညာ၊ ကနုတ်မာ ကျောက်စီ ပန်းချီပညာနှင့် ဟင်းလျာ၊ အစားအစာပြုလုပ်နည်းစသော သင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီး မြောက်ပါက ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည်။ သင်တန်း တက်လိုသူ အမျိုးသမီးငယ်များအတွက် သွားလာမှု စရိတ်၊ စားစရိတ်များလည်း ထောက်ပံ့ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စစ်မှန်သော စေတနာကြောင့် မြို့နယ်အသီးသီးရှိ အဆိုပါ ကျောင်းတိုင်းတွင် ဒေသခံ အမျိုးသမီးငယ်များ စိတ်အားထက်သန်စွာ ပညာသင်ယူနေကြသည်ကို ကြည်နူးဖွယ်မြင်တွေ့ခဲ့ရသည်။

အဆိုပါ မြို့များတွင် မြို့နေလူထု သောက်သုံးရေ ဖူလုံမှုရှိစေရန် မြို့ရေ ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ မြို့ရှစ်မြို့တွင် စည်ပင်သာယာရေးဦးစီးဌာနမှ ခေတ်မီရေပေးရေးစနစ်များ တည်ဆောက်ပေးပြီး နေအိမ်များသို့ ရေမီတာများဖြင့် စနစ်တကျ သွယ်တန်းပေးခဲ့သည်။ ရေမီတာတပ်ဆင်နိုင်ခြင်းမရှိသော ရပ်ကွက်များတွင်လည်း အများသုံးရေကန်၊ ရေဘုံပိုင်များတည်ဆောက် ပေးဝေခဲ့သည်။ **မြို့ရေပေးရေး လုပ်ငန်းအတွက် နိုင်ငံတော်မှ ယင်းမာပင်မြို့တွင် ကျပ် ၁၀၈ သိန်း၊ ပုလဲမြို့တွင် ကျပ် ၁၃၆ သိန်း၊ ဆားလင်းကြီးမြို့တွင် ကျပ် ၂၀၅ သိန်း၊ ပခုက္ကူမြို့တွင် ကျပ် ၇၅၉ သိန်း၊ ရေစကြိုမြို့တွင် ကျပ် ၅၈၁ သိန်း၊ မြိုင်မြို့တွင် ကျပ် ၅၁၅ ဒသမ ၇၅ သိန်း၊ ပေါက်မြို့တွင် ကျပ် ၃၂၃ သိန်းနှင့် ဆိပ်ဖြူ မြို့တွင် ကျပ် ၂၀၈ ဒသမ ၃ သိန်း စုစုပေါင်း ကျပ် ၂၈၃၆ ဒသမ ၀၅ သိန်း အကုန်အကျခံသုံးစွဲ တည်ဆောက်ပေးခဲ့သည်။ မြို့တွင်းလမ်းများကိုလည်း မြို့တိုင်းကတ္တရာ လမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့သည်။**

မြိုင်မြို့နယ်လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆိုင်းဘုတ်ကို တွေ့ရစဉ်။

မြို့များနည်းတူ ကျေးလက်ဒေသတွင် သန့်ရှင်းသော သောက်သုံးရေရရှိ ရေးအတွက်လည်း ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များတွင် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ် ရေရရှိသည်အထိ အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။ ပခုက္ကူခရိုင်၌ ကျေးရွာပေါင်း ၁၂၀၉ ရွာရှိရာ ၁၀ နှစ် စီမံကိန်းအရ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၃၃၅ ရွာ ရှိပါသည်။ ထိုရွာများအနက် စီမံကိန်းအစဖြစ်သော ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အထိ ကျေးရွာပေါင်း ၂၁၆ ရွာ ဆောင်ရွက်ပြီးဖြစ်သဖြင့် ခရိုင်လုံးကျွတ် ကျေးရွာတိုင်း ရေရှိစေရန် ၁၁၉ ရွာ ဆောင်ရွက်ပေးရန်သာ ကျန်ရှိပါသည်။ ထိုကျေးရွာများအား ခရိုင်လုံးကျွတ်စီမံကိန်းအဖြစ် ၄-၂-၂၀၀၅ ရက်နေ့မှ ၃၀-၁၁-၂၀၀၅ နေ့အထိ ဘဏ္ဍာငွေ ကျပ် ၂၂၈၆ ဒသမ ၀၀၄၅ သိန်း အကုန်အကျခံတူးဖော်ပေးခဲ့သဖြင့် ယခုအခါ ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေ ရှိနေပြီဖြစ်ပါသည်။

ထိုသို့ မြို့ပြရောကျေးလက်ပါ သန့်ရှင်းသော သောက်သုံးရေ ရရှိလာပြီဖြစ်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပိုမိုကောင်းမွန်လာပြီး ယခင်က အပူပိုင်းဒေသတွင် ခံစားခဲ့ကြရသော မျက်ခမ်းစပ်ရောဂါ၊ အရေပြားရောဂါ၊ ငှက်ဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါ စသည့် ရေနှင့်ဆက်စပ်၍ ဖြစ်ပွားတတ်သောရောဂါများ လျော့နည်းပပျောက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများတွင် ပိုမိုထိရောက်အောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါသည်။

ယင်းကဲ့သို့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သော အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း၊ မြို့ရေပေးရေးစီမံကိန်းများ ဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းနှင့် ပခုက္ကူခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းများသည် တိုင်းရင်းသားပြည်သူများအပေါ် နိုင်ငံတော်က ထားရှိသောစေတနာပြယုဂ်များပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုနေ့ အစီအစဉ်

“တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

■ *ကျောဖုံးမှ*

ထို့ပြင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့အား တရုတ်အမျိုးသမီးငယ်နှစ်ဦးနှင့် မြန်မာကလေးငယ်နှစ်ဦးတို့ကလည်း ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့ ခေတ္တရပ်နားစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရန်တို့သည် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်စကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကူမင်းမြို့မှ ဆက်လက် ထွက်ခွာလာကြရာ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ၂နာရီ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇွေ့ထရန်ခိုင်က လေယာဉ်လှေကားထိပ်မှ ခရီးဦးကြိုဆို နှုတ်ဆက်သည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီး စိန်ကျော့နှင့်ဇနီး ဒေါ်ကြည်ကြည်ဦး၊ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ရပ်နား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ဂါရဝပြုကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရန်နှင့်အဖွဲ့ဝင်များက ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပရိယတ္တိသာသနပါလစာအောင်သံဃာများ အောင်လက်မှတ်နှင့်ဆုဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်လုံးဆိုင်ရာ ရှစ်ကြိမ်မြောက် ပရိယတ္တိသာသနပါလစာမေးပွဲကို ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်လုံးဆိုင်ရာ ဥပဋ္ဌာကအဖွဲ့ကဦးဆောင်ပြီး ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက် အထိ ကျင်းပခဲ့ရာ စာဖြေအောင်မြင်သည့် သံဃာ ရှင်၊ ရဟန်း ၈၁ ပါး တို့အား ဖေဖော်ဝါရီ၂၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဖော့ကန်ရပ်ကွက် ဝါဥူးပရိယတ္တိစာသင်တိုက် ပဏ္ဍုကမ္ဗလာ အေးဓမ္မာရုံ၌ အောင်လက်မှတ်နှင့် ဆုဆက်ကပ်ပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ ဘက်စုံအသုံးဝင်ခြစည်းရိုးကြက်ဆူပင်

ခြံစည်းရိုးကြက်ဆူစေ့ကိုကြိတ်၍ ရရှိသောအဆီကို အနည်အနှစ်များ ပြောင်စင်အောင် အဝတ်ပိတ်စဖြင့်စစ်ပြီး ဒီဇယ်အင်ဂျင်များတွင် လောင်စာဆီအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည်။ ခြံစည်းရိုးကြက်ဆူဆီကို စက်မှုလယ်ယာ ဦးစီးဌာနရှိ လယ်ထွန်စက်များတွင် စမ်းသပ်သုံးစွဲမောင်းနှင်ကြည့်ရာမှအစ အောင်မြင်မှုရရှိလာခြင်းဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား

ခြံစည်းရိုးကြက်ဆူပင်သည် စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီအဖြစ် ထုတ်လုပ်နိုင်ရုံမျှမက ကြိတ်ဖတ်ကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ကိုင်းခြောက်ကို ထင်းအစားထိုးသုံးနိုင်ခြင်း၊ အပင်ကို ခြံစည်းရိုးပင်၊ လေကာပင်အဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်ခြင်း တို့အပြင် စီးပွားဖြစ်စိုက်ခင်းများ စိုက်ပျိုးလာကြသဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာပါသည်။

စက်မှုကုန်ကြမ်းအဖြစ်ပါအသုံးပြုနိုင်

ထို့မျှသာမက ဆေးဖက်ဝင်အပင်ဖြစ်သဖြင့် အရွက်၊ အစေးနှင့်အဆီများကို အိမ်သုံးဆေးဝါးအဖြစ် အသုံးပြုနိုင်သည်။ ကြက်ဆူပင်မှ ထုတ်ယူရရှိသော အနှစ်ခတ်ပေါင်းတွင် ပိုးသတ်ဆေးအာနိသင်ပါရှိသဖြင့် ပိုးမွှား ကာကွယ်ဆေးအဖြစ်ပါ အသုံးပြုနိုင်သည်။ ဆပ်ပြာချက်လုပ်ရာတွင်လည်းကောင်း၊ ဆေးဝါး ဖော်စပ်ရာတွင်လည်းကောင်း၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် လည်းကောင်း၊ စက်မှုကုန်ကြမ်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သောအပင်ဖြစ်ပါသည်။ ။

အသီးများရင့်မှည့်နေ

ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်၏ အသီးများရင့်မှည့်နေမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင် ရန်ကုန်အနောက်ပိုင်းဆေးရုံ သန့်ရှင်းရေးဆောင်ရွက် ဆေးပဒေသာပင်စိုက်ထူ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန် အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံကြီး သန့်ရှင်းရေး၊ စိမ်းလန်း စိုပြည်ရေး စုပေါင်းဆောင်ရွက်ပွဲနှင့် ဆေးရုံကြီးအတွက် ဆေးပဒေသာပင် စိုက်ထူ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကော်မတီဝင် များ၊ သက်ဆိုင်ရာဌာနမှူးများ၊ တိုင်း အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ သည် ယနေ့နံနက်၆နာရီတွင် မြန်မာ နိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံ ရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင် ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ လုပ်ငန်း အဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရန်ကုန် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန် အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံကြီး ဝန်ထမ်းများ စုပေါင်း၍ အင်အား ၅၀၀တို့သည် ဆေးရုံကြီးဝင်း အတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ် ထွင်ခြင်း၊ အမှိုက်များ၊ မြက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင် ရွက်ခြင်းလုပ်ငန်းများကို တပျော်တပါး ဆောင်ရွက်နေမှုများကို ကြည့်ရှုအား ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကာ ရန်ကုန် အနောက်ပိုင်း အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆေးရုံကြီးခန်းမ၌ ကျင်းပရာ အစီ အစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာန ကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် က ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံကြီးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး နှင့် တာဝန်ရှိသူများက အလှူငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ နာယကနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (ငြိမ်း)- ဒေါ်မြတ်လေးမိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်အေးမြတ်နွယ် (သီရိ သုဓမ္မသီဂိ) AMN အင်တာနေရှင် နယ် ကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသိန်း၊ ဦးစိုးမောင်-ဒေါ်မြင့်မြင့် မြကန်သာ (၃)လမ်း လှိုင်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဇော်နိုင် (မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူ ဖောင်ဒေးရှင်း)က ငွေကျပ် နှစ်သိန်း ခုနစ်ရာ၊ ဦးအာဝါး(ခ) ဦးထွန်းဝင်း၊ ဒေါ်စန်းစန်းမော် စံပြရွှေငါးမိသားစု က ငွေကျပ်နှစ်သိန်း၊ ဦးသိုင်းဝင်း- ဒေါ်ဌေးဌေးညွန့်က ငွေကျပ်နှစ်သိန်း၊ ဦးကျော်ဇင်သိန်း (EZY Music)၊ ဒေါ်ဆယ် (သီဟသုဓမ္မသီဂိ သီရိ သုဓမ္မသီဂိ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ လူမှုထူးချွန် ပထမဆင့်)၊ ဒေါ်စန်း စန်းရီ (ဝါးဟားဟား Hop Pot) မရမ်းကုန်း၊ ဦးစိုးခွန်နောင်(Nice Day Hotel)၊ ဦးချစ်ထွန်း (ဗဟိုစံပြ ငါးဈေး)၊ ဦးကျော်လှိုင်(ဆောက်လုပ် ရေးကန်ထရိုက်တာ)၊ ဦးဇော်သိန်း (မန်နေဂျင်းဒါရိုက်တာ CCG ဆောက် လုပ်ရေး)၊ ဦးမြတ်ဇင် (မြတ်ဇင်ဂျပန် ကားအပိုပစ္စည်း ရောင်းဝယ်ရေး)၊ ဒေါ်အေးအေးသန်း(တော်ဝင်မိသားစု ကုမ္ပဏီ)၊ ဦးချူသန်း၊ (သား)ဦးခိုင်စိုး (မြေလတ်သား ခရီးသွားလုပ်ငန်း)၊ ဒေါက်တာ အောင်လွင်-ဒေါ်သက်စန္ဒာ (အောင်မြတ်ဖြိုး ကုမ္ပဏီ)၊ Sun Power ကုမ္ပဏီလီမိတက်၊ K.M.W Trading၊ ဦးသိန်းထွန်း ဆိပ်ကမ်း မြို့နယ်၊ ဦးဝင်းဇော် ဆိပ်ကမ်းမြို့နယ်၊ ဦးမြတ်သိန်း-ဒေါ်ချိုချို (ပန်းရိုးမဖိနပ် လုပ်ငန်း)၊ ဦးမြင့်ဆွေ-ဒေါ်အေးအေး သိန်း၊ ဦးရဲအောင်(အောင်မိတ်ဆက် အအေးခန်းပြည်ရိပ်မွန်)၊ ကျောက် တံတားမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးအောင် ခင်(ရွှေမြိုင်ကျော်ဆောက်လုပ်ရေး)၊ ဦးစစ်ဒစ် (ရန်ကုန် မေမာန်လှမား အသင်း)၊ ဦးခင်မောင်သန်း (Network Marketing ကုမ္ပဏီ လီမိတက်)၊ ဒေါ်အေးအေးထွေး(ခ)နီနီ (Nikko Beauty and Skin Care Centre)၊ ဦးတင်လှ(နီလာဒံပေါက်) ပန်းဘဲတန်းမြို့နယ်၊ ဦးကျင်လှိုင် (ဆောက်လုပ်ရေးလုပ်ငန်းရှင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်မြင့်မြင့် သွယ်၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင်က ငွေကျပ် ၅၀၀၀၀ အပါအဝင် အလှူရှင် ၃၆ဦးတို့က အလှူငွေကျပ် ၄၂၅၀၇၀၀ကို ပေးအပ် လှူဒါန်းကြရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ရန်ကုန် အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်း တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်အနောက် ပိုင်း အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာဖေဝင်းက ကျေးဇူး တင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ဆေးပဒေသာ ပင် အလှူငွေကျပ်၂၆သိန်း၊ တောင် ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး ဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူ ငွေ ကျပ်၂၀ ဒသမ ၆သိန်း၊ အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေး ပဒေသာပင် အလှူငွေ ကျပ်၃၄သိန်း စိုက်ထူလှူဒါန်းနိုင်ခဲ့ပြီး ယခုအကြိမ် သည် လေးကြိမ်မြောက် စိုက်ထူ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှုအားပေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး စုပေါင်း ဆောင်ရွက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (၂၁၀)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေ နှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မ တော်နေ့အထိမ်းအမှတ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးခန်းမဆောင်၌ကျင်းပသည်။

တက်ရောက်

ပြိုင်ပွဲအခမ်းအနားသို့ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော (၆၁)နှစ်မြောက် တပ် မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဗဟိုအလုပ်အမှု ဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဗဟို အလုပ်အမှုဆောင် ဦးမောင်ပါ၊ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာဦးခင်အေး ခေါင်း ဆောင်သော အကဲဖြတ် အမှတ်ပေး အဖွဲ့ဝင် ပါမောက္ခများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာန ချုပ်ရုံးမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင်မောင်မယ်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများ မှ အသင်းဝင် မောင်မယ်၁၆ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်တိုင်းမှ မောင်ကျော်မောင် မောင်စိန်၊ ဒုတိယဆုကို မကွေးတိုင်းမှ မောင်ထက်အောင်ဟိန်းနှင့် တတိယ ဆုကို မန္တလေးတိုင်းမှ မောင်ကျော်ဖြိုး ခိုင်တို့က ရရှိကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုရရှိကြသူများ အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှု ဆောင်များဖြစ်ကြသည့် ဦးသိန်းစိန် နှင့် ဦးမောင်ပါတို့က ဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှု ဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အကဲ ဖြတ်အမှတ်ပေးအဖွဲ့ကိုယ်စား အဖွဲ့ ခေါင်းဆောင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဦးခင်အေးအား ဂုဏ်ပြု ဆုများ ချီးမြှင့်သည်။ **(သတင်းစဉ်)**

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဦးဖြိုးဝေထက်သည် ကစား ဖော်များဖြစ်ကြသော ဦးဉာဏ်ဝင်း မောင်၊ ဦးတင်ထွန်းဝင်း၊ ဦးအောင် ထွန်းလင်း၊ ဦးဝင်းထွဋ်အောင်တို့ နှင့်အတူ ယမန်နေ့ညနေပိုင်းတွင် ဒဂုံဂေါက်ကွင်း၌ ဂေါက်သီးရိုက် ကစားရာ (XX 10-1) ဘောလုံး ကို Rapier Iron No. 8 သံတုတ် ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၄၀ အကွာအဝေးတွင်ရှိသော ကျင်း အမှတ် (၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာ/အခွန်က ဆောက်လုပ်ရေးကို ဂိုးပြတ်နိုင် မြို့တော်စည်ပင်က ကာကွယ်ရေးဝန်ကြီးဌာနကို အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ချန်ပီယံ ခြေစွမ်းပြသကာ ပွဲချိန်တစ်လျှောက်လုံး ခြေအသာစီးမှကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းက ကွင်းတစ်ဝက်ဖိကစားပြီး အဆက်မပြတ် ထိုးဖောက်ကစားရာ ဆောက်လုပ်ရေးအသင်းက ခံစစ်အသွင်သာ ကစားခဲ့ ရသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် အနိုင်ဂိုးများကို ကျော်ကျော်စိုးက နှစ်ဂိုး၊ လင်းလင်းဦးက တစ်ဂိုးသွင်းယူပေးသည်။

မြို့တော်စည်ပင်နိုင်

လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြို့တော် စည်ပင်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၁၉ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းကွင်း၌ တံခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်း၊ သုဝဏ္ဏကွင်း၌ လယ်ယာထွက်ကုန် အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော်၇ရက် (အဖိတ်နေ့)
၁၉-၂-၂၀၀၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၇။	အတီးပြိုင်ပွဲ
၈:၁၅	၈။	အရာတော်ရေလှောင်တမံ
၈:၂၅	၉။	အရေးပြိုင်ပွဲ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
၁၂:၀၀	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **"ချစ်ခြင်းဖွဲ့မိုးတိမ်"** လူမင်း၊ ကြည်လဲ့လဲ့ဦး၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-ဟိန်းစိုး)
၁၃:၅၀	၆။	ဘွန်ချောင်းရေလှောင်တမံ
၁၄:၀၀	၇။	အကပြိုင်ပွဲ
၁၄:၁၀	၈။	**"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သရန်ကုန်)]
၁၄:၂၅	၉။	အတီးပြိုင်ပွဲ
၁၄:၃၅	၁၀။	ရခိုင်ချောင်တံတား
၁၄:၄၅	၁၁။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Ues
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၀	၆။	တေးဂီတအစီအစဉ်
၁၇:၁၀	၇။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၂၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၁၂)
၁၉:၅၀	၁၂။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ(အပိုင်း-၁၉)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၂၄)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားပဉ္စမအဆင့် ပထမအကျော့ပွဲများဆက်လက်ကစား

ချယ်လ်ဆီး၊ မန်စီးတီး၊ မစ်ဒယ်ဘရော့တို့ ပွဲစဉ် ယနေ့ကစားမည်

စုစည်းရေးသားသူ – မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၈

အက်ဖ်အေဖလား ပဉ္စမအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ ရက် (ယနေ့)တွင် ဆက်လက်ကစားမည်ဖြစ်ရာ ချယ်လ်ဆီးလ်နှင့် ကိုလ်ချက်စတာ၊ အက်စတွန်ဗီလာနှင့် မန်စီးတီး၊ ပရီစတန်နှင့် မစ်ဒယ်ဘရော့၊ စတူကီနှင့် ဘာမင်ဂမ်တို့ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့် ကိုလ်ချက်စတာ

ပရီးမီယာလိဂ်ကို ထိပ်ဆုံးမှ ပြတ်ပြတ်သားသား ဦးဆောင်နေသော ချယ်လ်ဆီးလ်တို့ ပြီးခဲ့သည့် ပွဲစဉ်၌ မစ်ဒယ်ဘရော့ကို သုံးဂိုးပြတ်အရှုံးကြီး ရှုံးထားသော ရလဒ်ကပူပူ နွေးနွေး ရှိနေသော်လည်း ယခုပွဲ ကိုလ်ချက်စတာကို အနိုင်ကစားမည် ဖြစ်သည်။

ထိုးဖောက်ကစား

ချယ်လ်ဆီးမှ အီဒူရာဂတ်ဂျွန်ဆင် (ဝဲ) ၏ ထိုးဖောက် ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

ရှုံးပွဲ၏ ခါးသီးသောအရသာကို ချယ်ဆီးလ်နည်းပြမော်ရင်ဟို ခံစားရခဲ့ပြီးဖြစ်ရာ အက်ဖ်အေဖလားကို သေချာ ပေါက်ချိန်ရွယ်နေသော ရည်မှန်းချက်ကို ပျက်ပြားအောင်တော့ ပြုလုပ်တော့မည်မဟုတ်ချေ။ ရှုံးပွဲ၏ အရှိန်ကို ရိုက်ခတ်ခံမည်မဟုတ်သော ချယ်ဆီးလ်တို့ ယခုပွဲ၌ လူစုံထုတ်ကစားမည်သာ ဖြစ်သည်။

ကစားကွက်

အက်ဖ်အေဖလားပွဲစဉ်တွင် ချယ်ဆီးလ်၌ ဂိုးအများဆုံး သွင်းထားသူများမှာဖရင့်လမ်းပတ်နှစ်ဂိုး၊ဂါးလက်စ်နှစ်ဂိုးနှင့် ဟုပ်ဒ် တစ်ဂိုးတို့ဖြစ်သည်။ ချယ်ဆီးလ်၏ တိုက်စစ်တွင် အလယ်တန်း ကစားသမားများက ဂိုးသွင်းယူမှုကို အက်ဖ်အေဖလားပွဲစဉ်၌ မော်ရင်ဟိုကျင့်သုံးထားသည်ဖြစ်ရာ ရှေ့လယ်နောက် ညီညွတ်တောင့်တင်းနေသော ချယ်လ်ဆီးလ်တို့ စိတ်ကြိုက်ကစားကွက်ဖြင့် အနိုင်ရအောင် ကစားမည်ဖြစ်သည်။

ဂိုးသွင်းခြေ

သို့သော် ကိုလ်ချက်စတာ၏ တိုက်စစ်မှူးဒင်းစ်ကအက်ဖ်အေဖလားပွဲစဉ်များ၌ ဂိုးအများဆုံးသွင်းထားသူများတွင်ပါဝင်လျက်ရှိရာတစ်ဦးတည်း ခုနစ်ဂိုးသွင်းထားနိုင်သူဖြစ်သည်။ ထို့အတူ ကိုလ်ချက်စတာမှ ဝက်ဆင်နှင့် စတော့ခ်လေတို့ကလည်း ဂိုးသွင်းခြေရှိသူများဖြစ်ရာ ပရီမီယာလိဂ်၌ အတောင့်တင်းဆုံးဖြစ်သည့်ချယ်ဆီးလ် ခံစစ်ကြောင်းကို မည်သို့ကျော်ဖြတ်နိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အက်စတွန်ဗီလာနှင့် မန်စီးတီး

အဝေးကွင်းခြေမမှန်သော မန်စီးတီးတို့ ယခုပွဲ အက်စတွန်ဗီလာကွင်း၌ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ သို့သော်မန်စီးတီးတို့က အသင်းလိုက် ညီညွတ်မှုရှိရာ အုပ်စုဖွဲ့ထိုးဖောက်ကစားပါက အက်စတွန်ဗီလာတို့ ခံနိုင်မည် မဟုတ်ချေ။

ထိုးဖောက်နိုင်

မန်စီးတီး၌ လောလောဆယ် အက်ဖ်အေဖလားပွဲစဉ်တွင် ခြေစွမ်းပြ ဂိုးသွင်းနေသူ ဖောင်လာ၊ အီရီလန်နှင့် ဂျော်ဒမ်တို့က အက်စတွန်ဗီလာနောက်တန်းကို ထိုးဖောက်ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။

ထိုးဖောက်ကစား

မစ်ဒယ်ဘရော့မှ ဒတ်ချ်ကစားသမား ဂျော့ဘောတန် (ရှေ့) ၏ ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

ထို့အတူ အက်စတွန်ဗီလာမှ မီလန်ဘားရို့စ်၊မယ်လ်ဘတ်၊ ဘာရီတို့ကလည်းအခြေနေပေးသည်နှင့် ဂိုးရအောင်သွင်းနိုင်သူ များဖြစ်ရာ တစ်ခါတရံ နားလည်မှုလွဲမှားနေသော မန်စီးတီးခံစစ်မှူးများ သတိထားရမည် ဖြစ်သည်။

မန်စီးတီး

အက်စတွန်ဗီလာနှင့် မန်စီးတီးတို့ အက်ဖ်အေဖလား၌ မဆုံတွေ့ခဲ့ဘူးသော်လည်း အသင်းလိုက်ကစားအားကောင်းသော မန်စီးတီးတို့ အနိုင်ရဖွယ်ရှိနေသည်။

ပရီစတန်နှင့်မစ်ဒယ်ဘရော့

အိမ်ကွင်းဖြစ်သော်လည်းပရီစတန်တို့မစ်ဒယ်ဘရော့ကို အနိုင်ကစားရန် မလွယ်ချေ။ ပရီမီယာလိဂ် ထိပ်သီးချယ်လ်ဆီးကို သုံးဂိုးပြတ် အနိုင်ရရှိထားသဖြင့် မစ်ဒယ်ဘရော့တို့ စိတ်ဓာတ်တက်ကြွကာ ယုံကြည်မှုရှိနေသည်။

တိုက်စစ်မှူး

အက်ဖ်အေဖလားပွဲစဉ်တွင် ပရီစတန်နှင့် မစ်ဒယ်ဘရော့တို့ မဆုံတွေ့ဘူးသော်လည်း ယခုအချိန်အထိ နှစ်သင်းစလုံးမှ တိုက်စစ်မှူးများ၏ ဂိုးသွင်းမှုမှာမကွာချေ။ မစ်ဒယ်ဘရော့တွင် ယာကူဘူ၊ ဂျွန်ဆင်နှင့် ပိုဂတ်တက်ဇ်တို့က ဂိုးသွင်းခြေမြူးနေသလို ပရီစတန်တိုက်စစ်မှူးများဖြစ်သည့် ဒိုင်ချီရို၊ မိုက်ကင်နာနှင့် ဆက်ဝီတို့ကလည်း ဂိုးသွင်းမည့်ကြချေ။

မစ်ဒယ်ဘရော့တို့ ခြေပေါ်လျှင် အသင်းကြီးများပင် ရှုံးပွဲကြုံရသည်ဖြစ်ရာ ယခုပရီစတန်နှင့် ပွဲတွင်လည်း ပရီစတန်တို့ ပေါ့ပေါ့ဆဆကစားပါက ဂိုးပြတ်သွားဖွယ်ရှိနေသည်။

စတူကီနှင့်ဘာမင်ဂမ်

ခြေစွမ်းမမှန်သော ဘာမင်ဂမ်တို့ ယခုပွဲ အကြိတ်အနယ် ကစားရမည်ဖြစ်သည်။ ဘာမင်ဂမ်တိုက်စစ်မှူး ဖော်ဆယ်၊ ပင်းနန့်နှင့်တေလာတို့က တစ်ဖက်သင်းနောက်တန်းကို ထိုးဖောက်ကျော်ဖြတ်နိုင်သူများ ဖြစ်သည့်အပြင် ဂိုးသွင်းခြေမှန်သူများဖြစ်သည်။

စတူကီ တိုက်စစ်မှူး ဆီဒီဘီ၊ ဟာပါတို့လည်း ဂိုးသွင်းကောင်းကြသူများဖြစ်ရာ အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်ကြသူများဖြစ်သော်လည်း ထိုးဖောက် တိုက်စစ်ဆင်ရာတွင် အားနည်းချက်များရှိနေသည်။ စတူကီရှေ့တန်းတွင် အလယ်တန်းလူများနှင့် ချိတ်ဆက်ကစားရာ၌လွဲချော်မှုများ ဖြစ်လျက်ရှိရာ ဘောလုံးဆုံးရှုံးမှု များပြားလျက်ရှိသည်။ သတိထား မကစားပါက ဘာမင်ဂမ်တို့ စိတ်ကြိုက်ကစားသွားမည့် အနေအထားရှိနေသည်။

(အင်တာနက်)

ဆွီဒင်မှအမြင့်ခုန်အားကစားမယ် ဘာဂရက်ဗစ် ၂ ဒသမ ဝ၈ မီတာခုန်ပြီး ကမ္ဘာ့စံချိန်ချိုးနိုင်

အာရင်စတက် ဖေဖော်ဝါရီ ၁၈

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဥရောပအမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲ၌ ဆွီဒင်နိုင်ငံမှ အမြင့်ခုန်မယ် ကတ်ဆာဘာဂရက်ဗစ်က ၂ ဒသမ ဝ၈ မီတာအမြင့်ခုန်ကာ ကမ္ဘာ့စံချိန် ချိုးနိုင်ခဲ့သည်။

ဂျာမနီနိုင်ငံ အာရင်စတက်မြို့၌ ဖေဖော်ဝါရီ ၁၈ ရက်က ပြုလုပ်သော အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် ဆွီဒင်မှ ကတ်ဆာဘာဂရတက်ဗစ်၏ ၂ ဒသမ ဝ၈မီတာသည် ကမ္ဘာ့စံချိန်အသစ်ဖြစ်လာခဲ့သည်။

ယခင် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ဂျာမနီနိုင်ငံမှ အမြင့်ခုန်မယ်ဟိုင်ကီဟင်ကယ်လ် တင်ထားခဲ့သော ကမ္ဘာ့စံချိန် ၂ ဒသမ ဝ၇ မီတာကို ယခု ဆွီဒင်မယ် ကတ်ဆာဘာဂရက်ဗစ်က ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။



ဂျာမနီနိုင်ငံတွင် ကျင်းပသည့် အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်ချိုးခဲ့သော ဆွီဒင်မှ ကတ်ဆာဘာဂရက်ဗစ်၏ ပြိုင်ပွဲဝင်ခုန်ဟန်။

(ဓာတ်ပုံ–အင်တာနက်)

အကောင်းဆုံး

ကမ္ဘာ့အမြင့်ခုန် စံချိန်သစ် တင်နိုင်ခဲ့သူ ကတ်ဆာဘာဂရက်ဗစ်က မိမိအနေဖြင့် အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်ခဲ့ကြောင်း အင်အားစိုက်ထုတ်ပြီး အစွမ်းကုန် ကြိုးစားခဲ့ရသဖြင့် ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့သည်ကို အတိုင်းမသိဝမ်းသာ ကြည်နူးမှုဖြစ်ရကြောင်း၊ မိမိလေ့ကျင့်မှုများ ကောင်းကောင်း ပြုလုပ်ခဲ့သော အကျိုးရလဒ် ဖြစ်ကြောင်း ပြောကြားသည်။

ထပ်မံကြိုးစားမည်

သို့သော်လည်း မိမိ၏ယခုစံချိန်မှာ ယခင်ကမ္ဘာ့အမြင့်ခုန်စံချိန်ထက် အနည်းငယ်သာပိုခဲ့သဖြင့် ထပ်မံကြိုးစားဦးမည်ဖြစ်ကြောင်းလည်း သူမက ဆက်လက်ပြောကြားသည်။

ဘာဂရက်ဖစ်သည် ယခုအခါ အမြင့်ခုန်ကမ္ဘာ့စံချိန်ရှင် ချန်ပီယံတစ်ဦးဖြစ်လာခဲ့ပြီးလာမည့်မတ်လတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် အားကစားရုံအတွင်း အမြင့်ခုန်ချန်ပီယံပြိုင်ပွဲကို ဆက်လက်ဆင်နွှဲမည်ဖြစ်သည်။ **(အင်တာနက်)**

အီတလီ စီးရီးအေပွဲစဉ်(၂၆) ဖီအိုရင်းတီးနားနှင့် လာဇီယို၊ အူဒီးနီစ်နှင့် ဆီနာ ယနေ့ယှဉ်ပြိုင်မည်

ရောမ ဖေဖော်ဝါရီ ၁၈

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ် ဖီအိုရင်းတီးနားနှင့် လာဇီယို၊ အူဒီးနီစ်နှင့် ဆီနာတို့ အပါအဝင် ပွဲစဉ် ခုနစ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (ယနေ့)တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ စီးရီးအေပွဲစဉ် ထက်ဝက်ကျော်ချိန်၌ ချန်ပီယံရရှိမည့်အသင်းလည်း တစ်ဖြည်းဖြည်းရုပ်လုံး ပေါ်လာပြီဖြစ်သည်။

ဂျူဗင်းတပ်စ်

ပြီးခဲ့သည့် ပွဲစဉ် ၂၅ ကစားပြီးချိန်၌ ဂျူဗင်းတပ်စ်တို့က အိမ်ကွင်းလုံးဝ ရှုံးပွဲမရှိ စံချိန်တင်လျက် ၂၅ ပွဲကစား ၆၆ မှတ်ဖြင့် ဒုတိယနေရာမှ အင်တာမီလန်ကို ပွဲတူ ၁၂ မှတ်ဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယနေရာမှ အင်တာမီလန်နှင့်တတိယနေရာမှအေစီမီလန်တို့ပွဲတူအမှတ်တူဖြစ်လျက်ရှိရာ ဂိုးကွာခြားမှုအရ အင်တာမီလန်တို့ ဒုတိယနေရာ၌ ရှိနေခြင်းဖြစ်သည်။

ဖီအိုရင်းတီးနားနှင့် လာဇီယို

ယနေ့ပွဲအဖြစ် ဖီအိုရင်းတီးနားနှင့် လာဇီယိုတို့ ဖီအိုရင်းတီးနားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ တန်းစီဇယား အဆင့်လေးမှ ဖီအိုရင်းတီးနားတို့ အိမ်ကွင်း၌ နိုင်ပွဲဆက်မည့်အနေအထားရှိသည်။

လာဇီယိုသည် အဝေးကွင်းခြေပျက်တတ်သည့်အသင်းဖြစ်သည့်အပြင် ကစားကွက်ပင် ပျောက်နေတတ်သည့် အသင်းလည်းဖြစ်သည်။ ဖီအိုရင်းတီးနားသည် စီးရီးအေ၌ယခုနှစ်တွင် ခြေအစွာ ဆုံးအသင်းဖြစ်ရာ စီးရီးအေအသင်းကြီးများဖြစ်သော ဂျူဗင်းတပ်စ် အင်တာမီလန်နှင့် အေစီမီလန်တို့နှင့် ခြေရည်တူကစားနိုင်သည့် အသင်းလည်း ဖြစ်သည်။

ဖီအိုရင်းတီးနားတိုက်စစ်မှူးတိုနီမှာယခုအချိန်အထိ ၂၂ ဂိုးသွင်းထားနိုင်သူဖြစ်ရာ လာဇီယိုတို့ တိုနီကို ထိန်းရန်မလွယ်ချေ။ သို့သော် လာဇီယိုတိုက်စစ်မှူး ဂိုချီမှာလည်းယခုအချိန်အထိ တစ်ဦးတည်း ကိုးဂိုးသွင်းထားသူ ဖြစ်သဖြင့် သတိထားရမည့်သူ ဖြစ်သည်။ ဖီအိုရင်းတီးနားနှင့် လာဇီယိုတို့ ဖီအိုရင်းတီးနား ကွင်း၌ ယခင်က ငါးကြိမ်ဆုံခဲ့ဖူးရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ရှိထားခဲ့သည်။

လက်ရှိခြေစွမ်းအရ ဖီအိုရင်းတီးနားတို့သာ အနိုင်ရဖွယ်ရှိနေပြီး လာဇီယိုတို့ သရေပွဲဖြစ်အောင်ပင် မနည်းကြိုးစားရမည်ဖြစ်သည်။

ရိုးမားနှင့်အမ်ပိုလီ

ရိုးမားတို့အဝေးကွင်း အိမ်ကွင်း ပုံမှန်ခြေစွမ်းပြန်ရနေပြီဖြစ်သည်။ ယခုအချိန်အထိ ရိုးမားတိုက်စစ်မှူး တော့တီက တစ်ဦးတည်း ၁၅ ဂိုးသွင်းထားကာ အမ်ပိုလီတိုက်စစ်မှူးတာဗာနိုက တစ်ဦးတည်း ၁၃ ဂိုးသွင်းထားနိုင်သည်။

ထို့အတူ ရိုးမားမှ ရှော့ဆီလည်း ဂိုးသွင်းခြေမှန်ကာ တစ်ဦးတည်းရှစ်ဂိုးသွင်းထားနိုင်သလို အမ်ပိုလီမှ ဖီစီနီကလည်း တစ်ဦးတည်း ခုနစ်ဂိုးသွင်းထားနိုင်သည်။ သို့သော် အမ်ပိုလီတို့ အဝေးကွင်း ၁၃ပွဲ ကစားခဲ့ရာတွင် နှစ်ပွဲသာ နိုင်ထားသော မှတ်တမ်းရှိနေရာ ရိုးမားကိုအိမ်ကွင်း၌ အနိုင်ရရန် မလွယ်ချေ။

ရိုးမားပွဲ

ရိုးမားကွင်း၌အမ်ပိုလီနှင့် ငါးကြိမ်ဆုံတွေ့ခဲ့ဖူးရာတွင် ရိုးမားတို့ငါးကြိမ်စလုံး နိုင်ပွဲရထားသည်ဖြစ်ရာ ယခုပွဲစဉ်၌လည်း ရိုးမားတို့နိုင်ပွဲပင် ဖြစ်ပေသည်။

အခြားပွဲစဉ်များ

အူဒီးနီစ် နှင့် ဆီနာ
ထရီဗီဆို နှင့် ပါးမား
ဆမ့်ဒိုးရီးယား နှင့် အက်ကိုလီ
လက်ချီ နှင့် ရက်ဂျီးနား
ချေယေးဗို နှင့် ပါလာမို။

(အင်တာနက်)

အီတလီ စီးရီးအေ ရိုးမားအသင်းမှ အိုလီဗာဒါကော့တ်(ယာ)၏ တိုက်စစ်ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု
ပေါင်းတလည်–တောင်တီး ကျေးလက်ကျောက်ချောလမ်းသစ်နှင့် တံတားဖွင့်

ပြည် ဖေဖော်ဝါရီ ၁၂

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပေါင်းတလည်–တောင်တီး ကျေးလက်ကျောက်ချောလမ်းသစ်နှင့် သစ်သားတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီက အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းတက်ရောက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက လမ်းနှင့်တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးတို့က လမ်းသစ်နှင့်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပေါင်းတလည်–တောင်တီး ကျေးလက်ကျောက်ချောလမ်းမှာ အရှည် ၇၀၂၅ ပေ၊ အကျယ် ၁၀ပေဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၆၄၈၀၀၀၀ နှင့်တံတားမှာ အရှည် ၅၈ပေ၊ အမြင့် ၁၄ပေ၊ အကျယ် ၁၀ပေရှိ သစ်သားတံတားဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၇၈၇၀၀၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းနှင့်တံတား ဆောင်ရွက်ပေးခြင်းဖြင့် ပေါင်းတလည်နှင့် တောင်တီးကျေးရွာအုပ်စုရှိ တောင်တီးကျေးရွာ၊ ကံမြင့်ကျေးရွာ၊ အုပ်ဆွဲ ကျေးရွာများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးမြို့ အထက(၁)ကျောင်း၌ စာပေထူးချွန်ဆုချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၁၃

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပဲခူးမြို့(ယခင်ဟိုက်စကူးကျောင်း)ကျောင်းသားဟောင်းကြီးများအဖွဲ့က ကြီးမှူးကျင်းပသော စာပေထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က သီရိပညာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကျော်စိန်က သြဝါဒစကား ပြောကြားကာ ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုရသူများကို ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာ ကျော်စိန်နှင့် အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီး တင်လှိုင် (ငြိမ်း)**(အပေါ်ယာပုံ)** တို့က ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဖြူခရိုင် ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ရသ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ကျောက်ဖြူ ဖေဖော်ဝါရီ ၅

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလှူရှင် ရန်ကုန်မြို့ အမှတ် ၄၀ ငွေကြာယံ ရိပ်သာနေ ဦးသန်းအောင်နှင့် စာပေဝါသနာရှင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဦးသန်းအောင်က စာအုပ်စာစောင်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ငွေကျပ် ၁၀၂၃၀၀ တန်ဖိုးရှိ သုတ၊ရသ စာအုပ်စာစောင်မျိုးစုံ စုစုပေါင်း ၂၅၅ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းအောင်သို့ ပေးအပ်လှူဒါန်းရာ မြို့နယ် ဦးစီးမှူး ဦးသိန်းထွန်းအောင်က လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့်ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ငါန်းဇွန်မြို့၌ ဝေပုလကျေးရွာစက်ရေတွင်းဖွင့်

ငါန်းဇွန် ဖေဖော်ဝါရီ ၅

ငါန်းဇွန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝေပုလကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးဝင်းက စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရေတွင်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသောင်းထိုက်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကံတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (နယ်စပ်/စည်ပင်)

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သန္တိသုခလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးရဲလင်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဖေယျာထွဋ်တို့ ကွင်းဆင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ **မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ဈေးသူဈေးသားများနှင့် မြို့နယ်**စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်**အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ဈေးကော်မတီဝင်များ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၂၀–၂–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လားရှိုးမှ City Hotel ၏ ဝန်ဆောင်မှု လုပ်ငန်း)
၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှု အကြောင်း–သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၃:၁၀ ပညာရေးအသံလွှင့် အစီအစဉ် (ဘီအီးဒီ–ဒုတိယနှစ်၊ ပညာရေးစစ်ဆေးတိုင်းတာမှု)

ညနေပိုင်း

၁၆:၁၀ ဆွေးနွေးခန်း (ကျိုင်းတုံခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများ)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရအကြောင်း ဆွေးနွေးခန်း)
၁၈:၂၅ ဟောပြောချက်(အေးချမ်းသာယာသော တောင်ပေါ်မြေ)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉:၁၅ မြန်မာ့အသံ နှစ် (၆၀) ပြည့် နှစ်ပတ်လည်နေ့ဂုဏ်ပြုအငြိမ့်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ် ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာ ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် ရောက်ရှိ ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက်လေယာဉ်လှေကားထိပ်မှ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ချင်းကွမ်းရှန်၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ အထွေထွေအတွင်းရေးမှူး မစ္စတာဟွမ်ရှိနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ် ဝန်ချုပ် ဦးမျိုးတင့်၊ ဇနီးဒေါ်မော်မော်မြင့်နှင့်ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်း များ၊ မိသားစုများက ကြိုဆိုကြသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■

စာမျက်နှာ ၁၁ ကော်လံ ၁

အလေးပြုခြင်းခံယူ

ဖေဖော်ဝါရီ ၁၄ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ဖေဖော်ဝါရီ ၁၄ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီး ချုပ် မစ္စတာဝမ်ကြားပေါင် တို့ ဂုဏ် ပြု တပ် ဖွဲ့ ကို စစ်ဆေးကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)